# ပင်တာကျူ

## သင်ခန်းစာ ခြောက်

## အာဗြဟံ၏ ဘဝ ဇာတ်ကြောင်း - ဖွဲ့စည်းမှု နှင့် ပါဝင် အကြောင်းအရာ

Manuscript

thirdmill

Biblical Education. For the World. For Free.

တတိယ ထောင်စုနှစ် အမှုတော်များ၊ ၂၀၁၂

မူပိုင်ခွင့် အားလုံးကန့်သတ်ထားပြီးဖြစ်သည်။ ဤစာအုပ်၏ မည်သည့် အပိုင်းကဏ္ဍကို မဆို ပညာနှင့် အရည်အသွေး သို့မဟုတ် ပြန်လည် ဆန်းစစ်ခြင်း သို့မဟုတ် ထင်မြင် သုံးသပ်ချက်ပေးခြင်း ရည်ရွယ်ချက်များအတွက် အတိုချုံး ကိုးကားမှု ပြုသည်များမှ လွဲ၍ ထုတ်ဝေသူ တတိယထောင်စုနှစ် အမှုတော်များ အင်ကော်ပိုရိတ်တက် 316 Live Oaks Blvd., Casselberry, Florida 32707 ၏ စာဖြင့် ရေးသား ခွင့်ပြုထားချက် မပါရှိဘဲ မည်သည့် ပုံစံ၊ မည်သည့် နည်းလမ်းဖြင့် ဖြစ်စေ အမြတ်အစွန်း ရရန် အလို့ငှာ ကူးယူ၊ ပွားများခြင်း မပြုရပါ။

တစ်နည်းနည်းနှင့် မပြထားလျှင် ကျမ်းအကိုးအကား အားလုံးသည် Good News Publishers ၏ အမှုတော်တစ်ခုဖြစ်သော Crossway ၏ 2001 ခုနှစ် ထုတ် ESV (English Standard Bible) သမ္မာကျမ်းစာမှ ဖြစ်ပါသည်။ ခွင့်ပြုချက်ဖြင့် အသုံးပြုထားပါသည်။ မူပိုင်ခွင့် အားလုံး ကန့်သတ်ထားပြီး ဖြစ်ပါသည်။

## သာ့ဒ်မစ်လ် အကြောင်း

၁၉၉၇ ခုနှစ်တွင် တည်ထောင်ခဲ့သော သာ့ဒ်မစ်လ် သည်အမြတ်အစွန်းကို အဓိက မထားသော ဧဝံဂေလိ ခရစ်ယာန် အမှုတော် တစ်ခု ဖြစ်ပါသည်။ သာ့ဒ်မစ်လ်က ပေးအပ်ရန် ရည်စူးထားသည်မှာ-

ကမ္ဘာကြီးအတွက် အခမဲ့ သမ္မာကျမ်းစာ ပညာရေး

ကျွန်ုပ်တို့၏ ပန်းတိုင်မှာ ကမ္ဘာတလွှားရှိ အမှုတော်အတွက် လုံလောက်သော လေ့ကျင့်ရည် ချို့တဲ့ ကင်းမဲ့သည့် သင်းအုပ်နှင့် ခရစ်ယာန် ခေါင်းဆောင် ထောင်ပေါင်း များစွာအား အခမဲ့ ခရစ်ယာန် ပညာရေးကို ပေးကမ်းရန် ဖြစ်ပါသည်။ ပြိုင်ဖက်ကင်းသော မီဒီယာစုံသင် စာသင်တိုက် သင်ရိုးကို အင်္ဂလိပ်၊ အာရဘစ်၊ တရုတ်၊ ရုရှ နှင့် စပိန် ဘာသာစကားများဖြင့် ထုတ်လုပ်ပြီး ကမ္ဘာ အနှံ့ ဖြန့်ဝေခြင်းအားဖြင့် ဤပန်းတိုင်ကို ကျွန်ုပ်တို့ ဖြည့်ဆည်းနေပါသည်။ ကျွန်ုပ်တို့၏ သင်ရိုးကို ကျွန်ုပ်တို့၏ မိတ်ဖက် အမှုတော်များအားဖြင့် အခြားသော ဘာသာစကား တစ်ဒါဇင်ကျော်သို့ ပြန်ဆိုလျက် ရှိပါသည်။ သင်ရိုးတွင် ရုပ်ပုံများက ထိန်းကျောင်းသော ဗီဒီယိုများ၊ ပုံနှိပ်ထားသော ညွှန်ကြားချက်များ နှင့် အင်တာနက် အရင်းအမြစ်များ ပါဝင်ပါသည်။ ၎င်းကို ကျောင်းများ၊ အုပ်စုများ၊ တစ်ဦးချင်း ပုဂ္ဂိုလ်များ၊ အွန်လိုင်းတွင်သာမက သင်ယူလေ့လာသော လူ့အဖွဲ့အစည်းများတွင်ပါ အသုံးပြုနိုင်အောင် ပုံစံဆွဲထားပါသည်။

နှစ်ပေါင်းများစွာအတွင်း အကောင်းဆုံး ပါဝင် ပစ္စည်းနှင့် အရည်အသွေး ရှိသော ဆုရ မီဒီယာစုံသင် သင်ခန်းစာများကို အလွန်ပင် တွက်ချေကိုက်စွာ ပြုစုထုတ်လုပ်ပေးသည့် နည်းစနစ်တစ်ခုကို ကျွန်ုပ်တို့ တိုးတက်ဖွံ့ဖြိုးလာစေခဲ့ပြီး ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ စာရေးသူများနှင့် အယ်ဒီတာများသည် ဓမ္မပညာပိုင်းဆိုင်ရာ လေ့ကျင့်မှု ရှိထားပြီးသော ပညာပေးသူများ ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ ဘာသာပြန်ဆိုသူများသည်လည်း သူတို့၏ ဦးတည် ဘာသာစကားများ၌ ဓမ္မပညာပိုင်းဆိုင်ရာ ကျွမ်းကျင်

လိမ္မာသော ဒေသစကားပြောသူများ ဖြစ်ကြပါသည်။ ကျွန်ုပ်တို့၏ သင်ခန်းစာများတွင်လည်း ကမ္ဘာတလွှားမှ ထောင်ပေါင်းများစွာသော ဂုဏ်အသရေ ရှိ စာသင်တိုက် ပါမောက္ခများနှင့် သင်းအုပ်ဆရာများ၏ ထိုးထွင်းအမြင်များ ပါဝင်ပါသည်။ ဖြည့်စွက်ပြောရလျှင် ကျွန်ုပ်တို့၏ ရုပ်ပုံ ဒီဇိုင်နာများ၊ ပန်းချီဆရာများ၊ ထုတ်လုပ်သူများသည် လုံးဝဉသုံ ခေတ်မှီသော ကရိယာများနှင့် နည်းလမ်းများကို သုံး၍ အမြင့်ဆုံး ထုတ်လုပ်မှု ဆိုင်ရာ စံနှုန်းများကို လိုက်နာထားပါသည်။

ကျွန်ုပ်တို့၏ ဖြန့်ချိရေး ဆိုင်ရာ ပန်းတိုင်များကို ပြီးမြောက်ရန် အတွက် သာ့ဒ်မစ်လ် အနေဖြင့် အသင်းတော်များ၊ စာသင်တိုက်များ၊ ကျမ်းစာကျောင်းများ၊ သာသနာပြုများ၊ ခရစ်ယာန် အသံလွှင့်သူများ၊ ဂြိုလ်တု ရုပ်မြင်သံကြား ဝန်ဆောင်မှုပေးသူများ၊ အခြားသော အဖွဲ့အစည်းများနှင့် မဟာဗျူဟာကျသော မိတ်ဖက်ဖြစ်မှုကို အခိုင်အမာ ပြုလုပ်ထားပါသည်။ ဤ ဆက်နွယ်မှုများကြောင့် ဒေသခံခေါင်းဆောင်များ၊ သင်းအုပ်ဆရာများ၊ စာသင်တိုက် စာသင်သားများသို့ ဗီဒီယို သင်ခန်းစာ အမြောက်အများကို ဖြန့်ဝေပေးနိုင်ခဲ့ပြီး ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ ဝက်ဘ်ဆိုက်များ သည်လည်း ဖြန့်ချိရေး လမ်းကြောင်းများ အဖြစ် အသုံးတည့်နေသလို သင်၏ ကိုယ်ပိုင် လေ့လာသင်ယူ လူ့အဖွဲ့အစည်းကို မည်သို့ စတင်ရမည် ဆိုသည်နှင့် သက်ဆိုင်သည့် သင်ခန်းစာ ပစ္စည်းများ အပါအဝင် ကျွန်ုပ်တို့၏ သင်ခန်းစာများကို ထပ်ဆောင်းဖြည့်ဆည်းပေးရန် အတွက် နောက်ထပ် လိုအပ်သော ပစ္စည်းများကိုလည်း ပေးကမ်းပါသည်။

သာ့ဒ်မစ်လ်ကို အိုင်အာရ်အက်စ်က ကော်ပိုရေးရှင်း 501 C (3) အဖြစ်ဖြင့် အသိအမှတ်ပြုထားပါသည်။ ရက်ရောသည့် အသင်းတော်များ၏ အခွန်လွတ်ငြိမ်းခွင့် ရထားသည့် အလှူငွေများ၊ ဖောင်ဒေးရှင်းများ၊ စီးပွားရေး လုပ်ငန်းများနှင့် တစ်ဦးချင်း ပုဂ္ဂိုလ်များအပေါ်တွင် ကျွန်ုပ်တို့ အမှီပြုပါသည်။ ကျွန်ုပ်တို့၏ အမှုတော် အကြောင်း ပိုမိုသိရှိရန်နှင့် သင်မည်သို့ ပါဝင်နိုင်ကြောင်း လေ့လာရန် ကျေးဇူး ပြု၍ www.thirdmill.org သို့ ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

# မာတိကာ


နိဒါန်း ........ 1

စာပေရေးဟန် ........ 2

**ကမ္ဘာဦးကျမ်း** ........ 3

**အာဗြဟံ** ........ 4

အခြေခံယူနစ်များ ........ 5

အစီအစဉ် ........ 7

အဓိက အာဘော်များ ........ 10

**အဓိက ကျမ်းချက်** ........ 10

နိဒါန်း ........ 11

အပိုင်း တစ် ........ 12

အပိုင်း ၂ ........ 12

**ဖွင့်ပြခြင်း** ........ 14

ဘုရားသခင် ပြုတော်မူသော ကျေးဇူးတော် ........ 14

အာဗြဟံ၏ သစ္စာရှိမှု ........ 16

အာဗြဟံသို့ ပေးတော်မူသော ကောင်းချီးမင်္ဂလာများ ........ 18

အာဗြဟံအားဖြင့် စီးဆင်းသော ကောင်းချီးမင်္ဂလာများ ........ 19

နိဂုံး ........ 21




ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သွာဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

# နိဒါန်း

ကမ္ဘာပေါ် ရှိ တိုင်းနိုင်ငံများ အချင်းချင်းကြား ကွဲပြားခြားနားမှု များစွာ ရှိကြောင်း ကျွန်ုပ်တို့ သိကြသည်။ သူတို့အားလုံးမှာ သူတို့ ကိုယ်ပိုင်ပထဝီဝင်၊ ကွဲကွဲပြားပြား ခွဲခြားနိုင်သော လူမျိုးအုပ်စုများနှင့် သီးသန့် အစဉ်အလာများ ရှိထားကြသည်။ သို့ရာတွင် နိုင်ငံအများစုကြား တူညီတာ အနည်းဆုံး တစ်ခုတော့ ရှိသည်။ ၎င်းမှာ ကျွန်ုပ်တို့ နိုင်ငံတွေ မည်သို့ ပေါ်ပေါက်လာခဲ့ကြသည် ဆိုသည့် ပုံပြင်ဇာတ်လမ်းများ ကျွန်ုပ်တို့မှာ ကိုယ်စီရှိကြသည် ဆိုသည့် အချက်ပင် ဖြစ်သည်။ ကျွန်ုပ်တို့နိုင်ငံတွေကို ထူထောင်ခဲ့ကြသူတို့၏ စွန့်လွှတ်စွန့်စားမှုများ၊ အောင်မြင်ပေါက်ရောက်ခဲ့မှုများ အကြောင်း ကြားနာရသည်ကို ကျွန်ုပ်တို့ အများစုနှစ်ခြိုက်ကြသည်။ သူရဲကောင်းဆန်သော သူတို့ဘဝအကြောင်း ကျွန်ုပ်တို့ ဖွဲ့နွဲ့ချီးမွမ်းကြသည်။

မူလအစနှင့်ပတ်သက်သည့် အဆိုပါ ဇာတ်လမ်းများကို ကျွန်ုပ်တို့ အဘယ်ကြောင့် တန်ဖိုးထား၊ ကြားပြောကြပါသနည်း။ ဤအရာသည် အဘယ်ကြောင့် လူ့ယဉ်ကျေးမှုအားလုံးလိုလို၌ ထိုမျှလောက် အရေးကြီးသော ကဏ္ဍမှ ပါနေရပါသနည်း။

ဟုတ်ပါပြီ။ ထိုအတွက် အနည်းဆုံး အကြောင်းပြချက် နှစ်ခု ရှိနေပါသည်။ တဖက်တွင် အတိတ်အဖြစ်အပျက်တို့၏ အမှတ်တရများကို လက်ဆင့်ကမ်းရန် ကျွန်ုပ်တို့ နိုင်ငံများ၏ မူလအစအကြောင်းကို ကျွန်ုပ်တို့ ပြောဆိုကြသည်။ ကျွန်ုပ်တို့သည် မိမိတို့၏ သားသမီးများအား သူတို့ဘယ်ကလာခဲ့သည် ဆိုသည့် သူတို့၏ မူလဇစ်မြစ်ကို စွဲမြဲနေစေလိုသည်။ တဖက်တွင်လည်း အနာဂတ် လမ်းညွှန်ချက်ကို ရှာတွေ့နိုင်ရန် အတိတ်က ကျွန်ုပ်တို့၏ နိုင်ငံများအား ပဲ့ကိုင်ခဲ့သည့် စံနှုန်းများကိုလည်း အမှတ်တရ ရှိနေစေလိုသည်။

ဟုတ်ပါပြီ။ ဤကဲ့သို့သော သဘောသည် ဓမ္မဟောင်းမှ ဘုရားသခင့်လူများအတွက်လည်း မှန်ကန်နေခဲ့သည်။ ရှေး ဣသရေလတို့သည် သူတို့၏ မူလအစဆိုင်ရာ ဘဝ ဇာတ်ကြောင်းများကို နှစ်သက်မြတ်နိုးခဲ့ကြပြီး အဆိုပါ တူညီသော အကြောင်းပြချက် နှစ်ချက်အတွက် သားစဉ်မြေးဆက် လက်ဆင့်ကမ်းခဲ့ကြသည်။ အတိတ်က ကြီးကျယ်သော အောင်မြင်ပေါက်ရောက်ခဲ့မှုများကို မမေ့မလျော့မည်အကြောင်း ရှေးအဖြစ်အပျက်များအား အမှတ်ရနေစေရေးအတွက် သူတို့ဘိုးဘေးများ၏ ခေတ်ကာလများအကြောင်းကို သူတို့ပြောဆိုခဲ့ကြသည်။ သို့ရာတွင် အနာဂတ်၌ မည်သို့ သွားသင့်ကြောင်း မိမိတို့ကိုယ် မိမိတို့ သတိပေးနှိုးဆော်ရန်အတွက်လည်း အဆိုပါ ဘဝဇာတ်ကြောင်းများအား သားစဉ်မြေးဆက် လက်ဆင့်ကမ်းခဲ့ကြသည်။

ဤ အရာသည် *အဖ အာဗြဟံ ဟု* အမည်ပေးထားသည့် ကျွန်ုပ်တို့၏ စာစဉ်များထဲမှ ပထမဦးဆုံးသော သင်ခန်းစာ ဖြစ်သည်။ ဤစာစဉ်များထဲ၌ ရှေးဣသရေလတို့က သူတို့၏ ကြီးကျယ်သော လူမျိုးစု အကြီးအကဲ ဖြစ်သည့် အာဗြဟံအကြောင်း ပြောဆိုထားခဲ့သည့် ဘဝဇာတ်ကြောင်းများအား ကျွန်ုပ်တို့ လေ့လာဖော်ထုတ်ကြပါမည်။ ထို့ပြင် သူ့ခေတ်ကာလ



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ကာလသရေလတို့ အတိတ်ကို အမှတ်ရ၍ သူတို့အတွက် ဘုရားသခင် ပြင်ဆင်ထားတော်မူသော အနာဂတ်ကို ပိုမိုပြတ်သားစွာ မြင်နိုင်စေရန်အတွက် မောရှေသည် ဤအဖြစ်အပျက် ဇာတ်ကြောင်းများကို ကမ္ဘာဦးကျမ်းထဲတွင် ရေးသားထားခဲ့သည် ဆိုသည့် အချက်ကို ကျွန်ုပ်တို့ လေ့လာကြပါမည်။

ဤစာစဉ်များထဲက သင်ခန်းစာ သုံးခုအနက် ယခုသင်ခန်းစာသည် ပထမဆုံး သင်ခန်းစာ ဖြစ်ပြီး "အာဗြဟံ၏ ဘဝဇာတ်ကြောင်း - ဖွဲ့စည်းမှုနှင့် ပါဝင် အကြောင်းအရာ" ဟူ၍ ခေါင်းစဉ်ပေးထားသည်။ ဤသင်ခန်းစာအရ အာဗြဟံအကြောင်း ပြောပြထားသည့် ကမ္ဘာဦးကျမ်းလာ အခန်းများ၏ ဖွဲ့စည်းမှုနှင့် ပါဝင်အကြောင်းအရာများအပေါ် အာရုံစိုက်ခြင်းဖြင့် အာဗြဟံ၏ ဘဝဇာတ်ကြောင်းအပေါ် ကျွန်ုပ်တို့ စတင် ခြုံငုံသုံးသပ်ကြပါမည်။ မောရှေသည် အာဗြဟံ၏ ဘဝဇာတ်ကြောင်း ဖော်ပြချက်ကို မည်သို့ ဖွဲ့စည်းထားခဲ့ပါသနည်း။ အဘယ်အရာများသည် အဆိုပါ အခန်းများ၏ အဓိက ဂရုပြုချက်များ ဖြစ်ခဲ့ပါသနည်း။

အာဗြဟံ၏ ဘဝဇာတ်ကြောင်း ဖွဲ့စည်းပုံနှင့် ပါဝင် အကြောင်းအရာတို့အား ကဏ္ဍ နှစ်ခု ခွဲ၍ ကျွန်ုပ်တို့ လေ့လာဖော်ထုတ်ကြပါမည်။ ပထမအားဖြင့် ဤအကြောင်းအရာ၏ စာပေရေးဟန်ကို ကျွန်ုပ်တို့ လေ့လာကြပါမည်။ ထို့နောက် ဒုတိယအားဖြင့် အဆိုပါ အခန်းများ၏ အဓိက အာဘော်များကို ကျွန်ုပ်တို့ ဆန်းစစ်ကြပါမည်။ ဦးစွာ အာဗြဟံ ဘဝဇာတ်ကြောင်း၏ စာပေရေးဟန်ကို ကြည့်ကြပါစို့။

# စာပေရေးဟန်

အခြေခံအားဖြင့် ပုံပြင်ဇာတ်ကြောင်း သို့မဟုတ် ဘဝအဖြစ်အပျက်များပါဝင်သည့် အာဗြဟံ၏ ဘဝဇာတ်ကြောင်း ကဲ့သို့သော ကျမ်းပိုင်းများကို ကျွန်ုပ်တို့ လေ့လာသည့်အခါတိုင်း သမ္မာကျမ်းရေးသူတို့သည် ရှေးက ဘာဖြစ်ခဲ့သည်ဆိုသည့် အမှန်တရားကို ကျွန်ုပ်တို့အား အလွယ် ရှင်းပြသည်ထက် ပိုလွန်လုပ်ဆောင်ခဲ့ကြောင်း ကျွန်ုပ်တို့ ခေါင်းထဲ စွဲထားကြရပါမည်။ သန့်ရှင်းသော ဝိညာဉ်တော်သည် သူတို့အား ဘုရားသခင့်ပြောရေးဆိုခွင့်ရှိသူများ အဖြစ် စေ့ဆော်တိုက်တွန်းထားသည် ဖြစ်သောကြောင့် သူတို့ရေးသော သမိုင်းသည်လည်း လုံးလုံးလျားလျား မှန်ကန်ခဲ့ရသည်။ သို့သော် သန့်ရှင်းသော ဝိညာဉ်တော်သည် သူတို့ဦးတည်ရေးသားသော လူများ၏ လိုအပ်ချက်ကို ကိုင်တွယ်ဖြေရှင်းရန် သူတို့အပေါ် စေ့ဆော် တိုက်တွန်းခဲ့သည် ဖြစ်သောကြောင့် ကျမ်းရေးသူတို့ကလည်း သူတို့၏ စာဖတ်ပရိသတ်တို့အပေါ် ရည်ရွယ်ချက်ထားပြီး သမိုင်းအား ရေးခဲ့ခြင်းလည်း ဖြစ်သည်။ အဆိုပါ အဖြစ်အပျက်တို့ကို လက်ခံဖတ်ရှုမည့် လူတို့၏ ဘဝနှင့် ပတ်သက်စပ်ဆိုင်မှု ရှိစေရန်အတွက် သူတို့သည် မိမိတို့ရေးသော အဖြစ်အပျက်တို့ကို ရည်ရွယ်ချက်ရှိရှိ ဒီဇိုင်း ထုတ်ခဲ့ကြသည်။

ကမ္ဘာဦးကျမ်းလာ အာဗြဟံ၏ ဘဝဇာတ်ကြောင်း မှတ်တမ်းကို ကျွန်ုပ်တို့ လေ့လာသည့်အခါ အဆိုပါ အဖြစ်အပျက်များသည် အာဗြဟံ၏ ဘဝတွင် အမှန်တကယ် ဖြစ်ပျက်ခဲ့သည်များနှင့်



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

မကွဲလွဲကြောင်း ကျွန်ုပ်တို့ ယုံကြည် စိတ်ချထားနိုင်ပါသည်။ သို့ရာတွင် မောရှေခေတ် ကနဦး ဣသရေလ ပရိသတ်တို့၏ အသက်တာ၌ အဆိုပါ အဖြစ်အပျက်များ မည်သို့ အကျိုးဝင်ပတ်သက်ခဲ့ကြောင်း သိနားလည်ရန်အတွက်မူ ကမ္ဘာဦးကျမ်းက အာဗြဟံ၏ ဘဝအား *မည်သို့* ပုံဖော်ခဲ့သည် ဆိုသည့် အပေါ် ကျွန်ုပ်တို့ သတိမူကြရပါမည်။ သို့ဆိုလျှင် အာဗြဟံ၏ ဘဝကို မည်သို့ ပုံဖော်ခဲ့ကြောင်း သိနားလည်ရန် ကျွန်ုပ်တို့ အစပြုနိုင်သည့် အဓိက နည်းလမ်းတစ်ခုမှာ ကမ္ဘာဦးကျမ်းလာ အာဗြဟံ၏ ဘဝ ဇာတ်ကြောင်း စာပေရေးဟန်ကို လေ့လာ ဖော်ထုတ်ရန်ပင် ဖြစ်သည်။

အာဗြဟံ၏ ဘဝဇာတ်ကြောင်း စာပေရေးဟန်ကို အဆင့် နှစ်ဆင့် ခွဲ၍ ကျွန်ုပ်တို့ လေ့လာ ဖော်ထုတ်ကြပါမည်။ ပထမ အနေဖြင့် ကမ္ဘာဦးကျမ်း တစ်ခုလုံးအပေါ် အကျဉ်းချုံးသုံးသပ် တင်ပြပါမည်။ ထို့နောက် ကမ္ဘာဦးကျမ်းတစ်ခုလုံးက ဖော်ပြနေသော ပုံရိပ်ကြီးထဲ၌ အာဗြဟံ၏ ဇာတ်ကြောင်းက မည်သို့ အံဝင်နေကြောင်း ကျွန်ုပ်တို့ လေ့လာကြပါမည်။ ပြီးလျှင် ဒုတိယအနေဖြင့် အာဗြဟံ၏ ဘဝဇာတ်ကြောင်းအပေါ် စူးစိုက်သော အဖြစ်အပျက်များ ဖွဲ့စည်းထားမှုကို ကျွန်ုပ်တို့ လေ့လာကြပါမည်။ ဦးစွာ ကမ္ဘာဦးကျမ်းတစ်ခုလုံးအပေါ် ခြုံငုံသုံးသပ်ချက်ဖြင့် အစပြုကြပါစို့။

## ကမ္ဘာဦးကျမ်း

ရာစုနှစ်များစွာ တလျှောက် ကမ္ဘာဦးကျမ်းတစ်ခုလုံးကို ခြုံငုံသည့် ဖွဲ့စည်းမှုအပေါ် အနက်ဖွင့်သူ အမျိုးမျိုးက နည်းအမျိုးမျိုးဖြင့် နားလည်ခဲ့ကြသည်။ နည်းလမ်းတစ်ခုမှာ ကမ္ဘာဦးကျမ်း တလျှောက် ပျံ့နှံ့ရှိနေသော "သားစဉ်မြေးဆက်" သို့မဟုတ် "*တိုလီဒို့* "ဟု ခေါ်ဆိုလေ့ရှိသည့် ကျမ်းပိုဒ်များကို ထပ်တလဲလဲတွေ့ရသည့်အပေါ် အခြေခံ၍ ကမ္ဘာဦးကျမ်းအား အပိုင်း ဆယ်ပိုင်း ပိုင်းသောနည်း ဖြစ်သည်။ ဤသို့သော ကျယ်ကျယ်ပြန့်ပြန့် ရှုမြင်သည့် အမြင်၌ တန်ဖိုးထား ယူစရာ အချို့ရှိနေကြောင်း ကျွန်ုပ်တို့ ဝန်ခံပါသည်။ သို့သော် ကမ္ဘာဦးကျမ်းကို ကဏ္ဍကြီး သုံးကဏ္ဍ အဖြစ် ရှုမြင်ခြင်းက သာ၍ ထောက်ကူကြောင်း အခြားသော စာစဉ်များတွင် ကျွန်ုပ်တို့ အကြံပြုထားပြီး ဖြစ်ပါသည်။ ၎င်းတို့မှာ ကမ္ဘာ ၁း၁ မှ ၁၁း၉ အထိ ရှေးဦးကမ္ဘာ့သမိုင်း၊ ကမ္ဘာ ၁၁း၁၀ မှ ၃၇း၁ အထိ လူမျိုးစု အကြီးအကဲတို့၏ သမိုင်းဦး၊ ကမ္ဘာ ၃၇း၂ မှ ၅၀း၂၆ အထိ လူမျိုးစု အကြီးအကဲတို့၏ သမိုင်းနှောင်း စသည်တို့ ဖြစ်ကြသည်။

ကမ္ဘာဦး ၁း၁ မှ ၁၁း၉ အထိ အကျုံးဝင်သော ရှေးဦးကမ္ဘာ့သမိုင်းသည် ကမ္ဘာမြေကြီး၏ မူလအစများအကြောင်း ဘုရားသခင်ဖော်ပြသည့် သစ္စာတရားကို တင်ဆက်ထားသည်။ ၎င်းသည် ဖန်ဆင်းခြင်းနှင့် ဖန်ဆင်းခြင်းမှ ရွေ့လျော့ဖောက်ပြန်ခြင်း တို့အပါအဝင် ကမ္ဘာလုံးဆိုင်ရာ ရေလွှမ်းမိုးခြင်းအားဖြင့် ဖန်ဆင်းခြင်းကို ပြန်လည် ပုံဖော်ခြင်း အကြောင်းတို့ကို ပြောထားသည်။ ထို့ပြင် ၎င်းသည် ရှေးအရှေ့နီး ရှေးဦးကမ္ဘာ့သမိုင်း ပုံစံများစွာနှင့် အလားတူသောစာရေးဟန်များအတိုင်း စာပေယူနစ် တစ်ခုအဖြစ် စုပေါင်းထည့်သွင်းထားသည်။

ကမ္ဘာဦး ၃၇း၂ မှ ၅၀း၂၆ အထိ ဖြစ်သော လူမျိုးစု အကြီးအကဲ တို့၏ သမိုင်းနှောင်းသည် ယောသပ်၏ ဘဝဇာတ်ကြောင်းကို ပြောပြသည်။ ၎င်းသည် ယောသပ်နှင့် သူ့အစ်ကိုများကြား ပဋိပက္ခ အဖြစ်အပျက်နှင့် စတင်ပြီး အီဂျစ်ပြည်၌ ယောသပ်အာဏာရလာမှု၊ အဆုံး၌ သူ့အစ်ကိုများကို ယောသပ်ဘက်မှ ကျေအေးခွင့်လွှတ်ပေးမှုတို့ဆီသို့ ခရီးဆက်သွားသည်။ အနက်ဖွင့်သူ အများစုတို့က



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ဤကြီးမားပြီး ညီညွတ်သော ဇာတ်အိမ်ကို ယောသပ်အကြောင်း *လုံးချင်းဝတ္ထုတို* တစ်ပုဒ် အဖြစ် ဖော်ပြခဲ့ကြပြီး ဖြစ်သည်။

အဆိုပါ ပထမဆုံး ကဏ္ဍနှင့် နောက်ဆုံး ကဏ္ဍတို့အကြားတွင် ကမ္ဘာ ၁၁း၁၀ မှ ၃၇း၁ အထိ ပါဝင်နေသော ကဏ္ဍ ရှိနေသည်။ အဆိုပါ အခန်းကြီးများတွင် လူမျိုးစု အကြီးအကဲများ သမိုင်းဦး ကာလ တည်းဟူသော ဣသရေလတိုင်းပြည်ကို တည်ထောင်သော ကနဦး ဖခင်များ၏ ဘဝဇာတ်ကြောင်း စုစည်းထားချက်များ ပါဝင်နေသည်။ ဤစာစဉ်များအတွင်း ကမ္ဘာဦးကျမ်း၏ အလယ်ပိုင်း ကဏ္ဍထဲက အစိတ်အပိုင်းတစ်ခုနှင့် ကျွန်ုပ်တို့ ပတ်သက်နေကြခြင်း ဖြစ်သည်။

ယေဘူယျဆိုရလျှင် လူမျိုးစု အကြီးအကဲများ သမိုင်းဦး ကာလကို နှစ်ပိုင်း ခွဲခြား၍ ရသည်။ ၁၁း၁၀ မှ ၂၅း၁၈အထိ အာဗြဟံ၏ ဘဝ ဇာတ်ကြောင်း၊ ၂၅း၁၉ မှ ၃၇း၁ အထိ ယာကုပ်၏ ဘဝဇာတ်ကြောင်းတို့ ဖြစ်ကြသည်။ သို့ဆိုပါက ဤနှစ်ပိုင်းခွဲ ပုံစံသည် အံ့သြဖွယ်ကောင်းနိုင်သည်။ အကြောင်းမှာ ကျမ်းစာထဲတွင် အစောပိုင်း လူမျိုးစု အကြီးအကဲ သုံးယောက် အကြောင်းမကြာခဏ ကြားဖူးနေသောကြောင့် ဖြစ်သည်။ ၎င်းတို့မှာ အာဗြဟံ၊ ဣဇာက် နှင့် ယာကုပ်တို့ ဖြစ်ကြသည်။ သို့ဖြစ်၍ အဆိုပါ အခန်းကြီးများ၏ စာပေဖွဲ့စည်းပုံကို ပထမအားဖြင့် အာဗြဟံအကြောင်း၊ ထို့နောက် ဣဇာက်အကြောင်းနှင့် ၎င်းနောက် ယာကုပ်အကြောင်း ပြောဆိုခန်းများ ဟူ၍ အပိုင်း သုံးပိုင်းရှိကြောင်း ကျွန်ုပ်တို့ အကျိုးသင့် အကြောင်းသင့် မျှော်လင့်ထားပြီး ဖြစ်နိုင်ပါသည်။ သို့သော် အမှန်တွင် လူမျိုးစု အကြီးအကဲ သမိုင်းဦး ကာလ၏ မည်သည့် အပိုင်းကိုမျှ အဓိက ဇာတ်ကောင် ဣဇာက်အတွက် ရည်စူးထားခြင်း မရှိပါ။ ထိုအစား အကူးအပြောင်းဆိုင်ရာ ဇာတ်ကောင်အဖြစ်သာ သူ အသုံးခံခဲ့သည်။ သူ့ဘဝ ဇာတ်ကြောင်းအား အာဗြဟံ၏ ဘဝဇာတ်ကြောင်း တစ်စိတ်တဒေသ အဖြစ် တင်ဆက်ထားပြီး ထို့နောက်တွင် ယာကုပ် ဘဝဇာတ်ကြောင်း၏ တစိတ်တဒေသအဖြစ် ဆက်ပြောထားသည်။ ထို့ကြောင့် အကျိုးရလာဒ်အားဖြင့် ဆိုရလျှင် လူမျိုးစု အကြီးအကဲ သမိုင်းဦး ကာလကို အမှန်တကယ်တွင် နှစ်ပိုင်းသာခွဲနိုင်ပြီး ၎င်းတို့မှာ အာဗြဟံ၏ ဘဝ ဇာတ်ကြောင်း၊ ထို့နောက် ယာကုပ်၏ ဘဝ ဇာတ်ကြောင်းတို့ ဖြစ်ကြသည်။ ဤစာစဉ်များအတွင်း ကျွန်ုပ်တို့၏ ဂရုပြုချက်မှာ လူမျိုးစု အကြီးအကဲသမိုင်း၏ ပထမ ကာလဝက်တည်းဟူသော အဖ အာဗြဟံအကြောင်း မောရှေ၏ မှတ်တမ်းပင် ဖြစ်သည်။ သို့ဖြစ်၍ အာဗြဟံ၏ ဘဝဇာတ်ကြောင်း ဖွဲ့စည်းပုံကို ကမ္ဘာ ၁၁း၁၀-၂၅း၁၈ အတွင်း တင်ဆက်ထားသည့်အတိုင်း အနီးကပ် လေ့လာကြည့်ကြပါစို့။

# အာဗြဟံ

ကမ္ဘာဦးကျမ်းတစ်ခုလုံး၏ ခြုံငုံဖွဲ့စည်းမှုအတွင်း အာဗြဟံ ၏ ဘဝဇာတ်ကြောင်းသည် မည်သို့ အံ့ဝင်ခွင်ကျဖြစ်နေကြောင်း ကျွန်ုပ်တို့ တွေ့မြင်ပြီးဖြစ်သောကြောင့် ကျွန်ုပ်တို့၏ နောက်ထပ် အလေးပေး ဂရုပြုချက်သစ်ဆီသို့ လှည့်ကြပါမည်။ ၎င်းသည် ကမ္ဘာ ၁၁း၁၀-၂၅း၁၈ ပါ အာဗြဟံ၏ ဘဝ ဇာတ်ကြောင်း ပင်ဖြစ်သည်။ အာဗြဟံ၏ ဘဝဇာတ်ကြောင်းကို ရှာဖွေဖော်ထုတ်ရန်အတွက် အဆိုပါ အခန်းကြီးများကို အလွှာ နှစ်လွှာ ခွဲ၍ လေ့လာပါမည်။ တဖက်တွင် အာဗြဟံ ဘဝဇာတ်ကြောင်းကို အခြေခံ ယူနစ်များ သို့မဟုတ် အခန်းငယ်များ အဖြစ် ရိုးရိုးကလေး ခွဲခြားဖော်ထုတ်ကြပါမည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

အခြားတဖက်တွင်မူ အဆိုပါ အခန်းငယ်များသည် ကမ္ဘာဦးကျမ်းထဲ ကျွန်ုပ်တို့ ရရှိထားသည့် အာဗြဟံ၏ ရုပ်ပုံအသွင်သို့ မည်သို့ မည်ပုံ စီစဉ်ပုံသွင်းထားသည်ကို ရှာဖွေဆန်းစစ်ကြပါမည်။ ဦးစွာ ပထမ အာဗြဟံ၏ ဘဝဇာတ်ကြောင်း ဆိုင်ရာ အခြေခံယူနစ်များ သို့မဟုတ် အခန်းငယ်များကို ခွဲခြား ဖော်ထုတ်ကြည့်ကြပါစို့။

## အခြေခံယူနစ်များ

မောရှေသည် အာဗြဟံ ဘဝဇာတ်ကြောင်းအား အခြေခံ ကဏ္ဍငယ်များ သို့မဟုတ် အခန်းငယ် ၁၇ ခုခွဲ၍ ရေးသားထားခဲ့သည်။ ၎င်းတို့မှာ

1. ပထမဦးစွာ အာဗြဟံ၏ မိသားစု ဆက်ခံခြင်းကို ဖော်ပြသော ဆွေစဉ်မျိုးဆက်စာရင်းတည်းဟူသော အာဗြဟံ ဆင်းသက်လာပုံကို အထူးအလေးပေးထားသည့် မျိုးရိုး (၁၁း၁၀း၂၆)၊
2. ဤကျမ်းပိုဒ် နောက်တွင် လိုက်လာသော သူ့ဖခင် တေရနှင့် အာဗြဟံ ခရီးသွားသည့်အကြောင်းကို ဖော်ပြသည့် ဒုတိယ ဆွေစဉ်မျိုးဆက်စာရင်း တည်းဟူသော အာဗြဟံ၏ အားနည်းသော ဖခင် တေရ အကြောင်း (၁၁း၂၇-၃၂)၊
3. အာဗြဟံကို ကနဦးခေါ်ယူခြင်းနှင့် ကတိတော်နယ်မြေသို့ ခရီးထွက်ခွာခြင်းအကြောင်းကို ဖော်ပြသော ခါနန်သို့ အာဗြဟံ ရွှေ့ပြောင်းနေထိုင်ခန်း (၁၂း၁-၉)၊
4. အဲဂုတ္တုပြည်တွင် အာဗြဟံ တည်းခိုနေထိုင်ခဲ့ပြီး ဘုရားသခင် သူ့အား ကယ်လွှတ်သည့်အချိန် အဲဂုတ္တုမှ အာဗြဟံ လွတ်မြောက်ခန်း (၁၂း၁၀-၂၀)၊
5. အာဗြဟံ၏ ငယ်သားများနှင့် လောတ၏ ငယ်သားများ အကြား ဆိုင်ပြိုင်မှုအကြောင်းကို ဖော်ပြသည့် အာဗြဟံနှင့် လောတတို့အကြား ပဋိပက္ခဖြစ်ခန်း (၁၃း၁-၈)၊
6. ရှင်ဘုရင်များလက်မှ အဖမ်းခံ လောတကို ကယ်ဆယ်ရန် အာဗြဟံ စစ်ဆင်နွှဲသည့် အကြောင်းကို ဖော်ပြသည့် လောတကို အာဗြဟံ ကယ်ဆယ်ခန်း (၁၄း၁-၂၄)၊
7. သားမြေးများစွာနှင့် အမြဲတမ်းနေထိုင်ရာ အမိမြေတို့အား အာဗြဟံ ပိုင်ဆိုင်ရမည့်အကြောင်း အာမခံသည့် ဘုရားသခင်၏ ပဋိညာဉ်အကြောင်းကို ဖော်ပြသည့် အာဗြဟံသို့ ပေးတော်မူသော ကတိတော်များအခန်း (၁၅း၁-၂၁)၊
8. ဆာရာ၏ ကျွန်မ ဟာဂရအားဖြင့် သား ဣရှမေလကို အာဗြဟံ ရသောအချိန်ကို ဖော်ပြသည့် ဟာဂရအားဖြင့် အာဗြဟံ ကျရှုံးခန်း (၁၆း၁-၁၆)၊
9. ဘုရားသခင့် မိန့်မှာချက်များအပေါ် သစ္စာစောင့်သိရိုသေရန် လိုအပ်ချက်အား အာဗြဟံသို့ သတိပေးသည့်အကြောင်းကို ဖော်ပြသည့် အာဗြဟံ၏ ပဋိညာဉ် ဆိုင်ရာ လိုက်နာရမည့် တာဝန်များ အခန်း (၁၇း၁-၂၇)၊



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

10. သောဒုံနှင့် ဂေါမောရ ပျက်ဆီးခြင်းနှင့် ထိုပျက်ဆီးခြင်းမှ လောတကို ကယ်နှုတ်ခြင်းအား ဖော်ပြသည့် သောဒုံ၊ ဂေါမောရ အခန်း (၁၈း၁-၁၉း၃၈)၊
11. ဖိလိတ္တိမင်း အဘိမလက် အတွက် အာဖြဟံ ဆုတောင်းပေးချိန်ကို ဖော်ပြသည့် အဘိအလက်အတွက် အာဖြဟံ တောင်းပန်ကြားလျှောက်ခန်း (၂၀း၁-၁၈)၊
12. ဣဇာက် မွေးလာခြင်းနှင့် အာဖြဟံ၏ မိသားစုဝင်အဖြစ်မှ ဣရှမေလကို နှင်ထုတ်သည့်အကြောင်းကို ဖော်ပြသည့် ဣဇာက်နှင့် ဣရှမေလ တည်းဟူသော အာဖြဟံ၏ သားများ အခန်း (၂၁း၁-၂၁)၊
13. မြေနှင့်ရေ ပိုင်ခွင့်များအပေါ် အဘိမလက်နှင့် သဘောတူညီမှု ယူသည့်အချိန် အဘိမလက်နှင့် အာဖြဟံ သဘောတူစာချုပ် ချုပ်ဆိုခန်း (၂၁း၂၂-၃၄)၊
14. သူ၏ သား ဣဇာက်ကို ယဇ်ပူဇော်ရန် အာဖြဟံကို ဘုရားသခင် တောင်းဆိုရာ ထင်ရှားသည့် အခန်းငယ်ကို ဖော်ပြသည့် အာဖြဟံကို စုံစမ်းတော်မူခန်း (၂၂း၁-၂၄)၊
15. ဆာရာ အနိစ္စရောက်၍ သင်္ချိုင်းနေရာ ဝယ်ယူခြင်းအကြောင်းကို ဖော်ပြသည့် အာဖြဟံ သင်္ချိုင်းနေရာ ပိုင်ဆိုင်ခန်း (၂၃း၁-၂၀)၊
16. ရေဗက္ကာသည် ဣဇာက်၏ ဇနီးမယား ဖြစ်လာချိန်ကို ဖော်ပြသည့် အာဖြဟံ၏သား ဣဇာက်အတွက် ဇနီးမယား ရှာခန်း (၂၄း၁-၆၇)၊
17. နိဂုံးချုပ်အားဖြင့် အာဖြဟံ အနိစ္စရောက်ပြီး သူ့သားမြေးများ ၏ မှတ်တမ်းဖြင့် အပြီးသတ်သည့် အာဖြဟံဇာတ်ကြောင်းကို ဖော်ပြသည့် အာဖြဟံ အနိစ္စရောက်ခြင်းနှင့် အမွေဆက်ခံခန်း (၂၅း၁-၁၈) တို့ ဖြစ်ကြသည်။

ကျွန်ုပ်တို့ တွေ့နိုင်သလိုပင် အာဖြဟံ ဘဝဇာတ်ကြောင်း အဖြစ်အပျက်သည် သူ့ဘဝ၌ လက်တွေ့ ဖြစ်ပျက်ခဲ့သည့် အခြေခံ ဖြစ်ပျက်ရိုး အစီအစဉ်ကို လိုက်နာသည်။ ဇာတ်ကြောင်းတို့သည် ဖခင်အုပ်ထိန်းမှုအောက်တွင် ရှိနေဆဲ၊ အတော် ငယ်ရွယ်သေးသည့် အာဖြဟံ ဘဝနှင့် အစပြုပြီး ဆက်လက်ကြီးရင့်ခြင်းနှင့် အနိစ္စရောက်ခြင်းတို့ဖြင့် ပြီးဆုံးသည်။ အခါအားလျော်စွာ အာဖြဟံ ဘဝဇာတ်ကြောင်းရှိ အမျိုးမျိုး အဖုံဖုံသော အခန်းငယ်များကြား သိမ်မွေ့သော ဆက်နွယ်မှုများနှင့် ရည်ညွှန်းကိုးကားချက်များကို တွေ့ရသည်။ သို့သော် ဓမ္မဟောင်းရှိ အခြားသော အပိုင်းကဏ္ဍများနှင့် စာလျှင် အာဖြဟံ ဘဝဇာတ်ကြောင်းတွင် အတော်ကလေး လွတ်လပ်စွာ ရှိနေသည့် အခန်းငယ် ၁၇ ခန်းပါ ဖြစ်စဉ်တစ်ခု ပါရှိသည်။ မောရှေ၏ ကနဦး ပရိသတ်အား တိကျသော သင်ခန်းစာများ သင်ပေးရန်နှင့် အာဖြဟံ ဘဝဇာတ်ကြောင်းရှိ အဖြစ်အပျက်များအကြောင်း အစီရင်ခံရန် အဆိုပါ အခန်းငယ် တစ်ခုချင်းစီကို ဒီဇိုင်းချထားခဲ့သည်။ သူတို့အား အီဂျစ်ပြည်မှ ကတိတော်နယ်ထဲသို့ မောရှေက ခေါ်သွင်းခဲ့သည့်အခါ အဆိုပါ အခန်းငယ် တစ်ခုစီသည် ယနေ့မိမိတို့ ဘဝကို ရှင်သန်နေသည့်ကျွန်ုပ်တို့ကို ပေးရန် များစွာ ရှိနေသလို ထိုစဉ်က ၎င်းတို့ဘဝကို ရှင်သန်နေခဲ့ရသည့် သူတို့ကိုလည်း ပေးရန် များစွာ ရှိခဲ့သည်။

အာဖြဟံ ဘဝဇာတ်ကြောင်း အခြေခံ အခန်းငယ်များကို မိတ်ဆက်ပြီးသည့်နောက် အဆိုပါ ယူနစ်များ အချင်းချင်း မည်သို့ ပေါင်းစည်း ညီညွတ်နေကြသည်ကို ကျွန်ုပ်တို့ လေ့လာဖော်ထုတ်နိုင်သည့်



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

အခြေအနေ၌ ယခု ရှိနေပြီ ဖြစ်သည်။ အာဗြဟံ၏ ဇာတ်ကြောင်းသည် အချင်းချင်း မည်သို့ ပေါင်းစည်းညီညွတ်မှုရှိနေပါသနည်း။ မည်သည့် ကြောင်းကျိုးသင့်မှုက သူတို့ကို ဖွဲ့စည်းထားပါသနည်း။ အလွယ်ဆိုရလျှင် အာဗြဟံ၏ ဘဝဇာတ်ကြောင်း အခန်းငယ်များသည် တိကျသော အာဘော်များကို စုဝေးဝန်းရံထားကြပြီး အဆိုပါ အစုအဝေးများသည်လည်း အချိုးညီသော (ဝါ) ဟန်ချက်ညီသော အဆင့်ငါးဆင့်အဖြစ် ဖွဲ့စည်းနေကြသည်။

## အစီအစဉ်

ပထမအားဖြင့် လူမျိုးစုအကြီးအကဲ ဘဝဇာတ်ကြောင်းအစပိုင်းတွင် တွေ့မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ထားနိုင်သည့်အတိုင်း မောရှေ၏ မှတ်တမ်းသည် အာဗြဟံ၏ နောက်ခံသမိုင်းနှင့် ဘုရားသခင်အပေါ် သူ၏ အစောပိုင်းတွေ့ကြုံခံစားချက်တို့ဖြင့် အစပြုထားသည်။ ဤအပိုင်းတွင် ပါဝင်သည်များမှာ အာဗြဟံ အလေးပေးသော သားစဉ်မြေးဆက်စာရင်း၊ ကျရှုံးခဲ့သော သူ့ဖခင်၊ ခါနန်သို့ သူ၏ပြောင်းရွှေ့အခြေစိုက်မှုတို့ ဖြစ်ကြသည်။ သူ့မိသားစု၏ နောက်ခံသမိုင်းနှင့် ကတိတော်နယ်မြေသို့ ကနဦး ရွှေ့ပြောင်းအခြေစိုက်မှုတို့အပေါ် စူးစိုက်ခြင်းဖြင့် အဆိုပါ အခန်းကြီးများက ဘုရားသခင်နှင့် အထူးတလည် ရင်းနှီးဆက်နွယ်မှုထဲသို့ အာဗြဟံ မည်သို့ ဝင်ရောက်ခဲ့ကြောင်း ရှင်းပြသည်။

အာဗြဟံဘဝ ဇာတ်ကြောင်း အတွင်း အခန်းငယ်များ၏ ဒုတိယမြောက် အစုအဝေးသည် ၁၂း၁၀ မှ ၁၄း၂၄ အတွင်း အခြားသောလူများနှင့် အာဗြဟံ အစောပိုင်းကာလ ထိတွေ့ဆက်ဆံခဲ့မှုများအပေါ် အာရုံစိုက်ထားသည်။ ၎င်းတွင် အီဂျစ်ပြည်မှ သူလွတ်မြောက်ခဲ့မှု၊ လောတ နှင့် သူ ပဋိပက္ခဖြစ်မှု၊ လောတကို သူ ကယ်ဆယ်သည့်အမှု တို့ ပါဝင်သည်။ အဆိုပါ အခန်းငယ် သုံးခုတို့သည် အချင်းချင်း ပေါင်းစည်းညီညွတ်နေကြသည်။ အကြောင်းမှာ လူအုပ်စု အတော်များများကို ကိုယ်စားပြုသူများနှင့် အာဗြဟံတို့အကြား တွေ့ဆုံမှု၊ အပြန်အလှန်ဆက်သွယ်မှုတို့ အပေါ် အခြေခံအားဖြင့် အာရုံစိုက်ထား၍ ဖြစ်သည်။ အဆိုပါ အခန်းကြီးများတွင် လူမျိုးစု အကြီးအကဲသည် အဓိကအားဖြင့် အီဂျစ်ဖာရော ဘုရင်နှင့်၎င်း၊ သူ၏တူ လောတ နှင့် ၎င်း၊ ကျူးကျော်လာသော ရှင်ဘုရင်များနှင့်၎င်း၊ သောဒုံမင်းကြီးနှင့် ရှာလင်မင်းကြီး မေလခိဇေဒက်တို့နှင့်၎င်း ရင်ဆိုင်ခဲ့ရသည်။

အာဗြဟံ ဘဝဇာတ်ကြောင်း၌ တတိယနှင့် အဓိကကျသော ကဏ္ဍသည် ၁၅း၁ မှ ၁၇း၂၇ အတွင်း အာဗြဟံနှင့် ဘုရားသခင်တို့အကြား ပဋိညာဉ်ဆိုင်ရာ ဆက်နွယ်ပတ်သက်မှုအပေါ် စူးစိုက်ထားသည်။ လူမျိုးစု အကြီးအကဲ ဘဝဇာတ်ကြောင်း၏ ဤ အပိုင်းတွင် အခန်းငယ် သုံးခန်း ပါဝင်သည်။ ၎င်းတို့မှာ အာဗြဟံအတွက် ပဋိညာဉ်ဆိုင်ရာ ကတိတော်များ၊ ဟာဂရအားဖြင့် ကျရှုံးမှု၊ အာဗြဟံဖက်မှ ပဋိညာဉ်ဆိုင်ရာ ဖြည့်ဆည်းရမည့်အရာများ ဖြစ်ကြသည်။

၁၈း၁ မှ ၂၁း၃၄ ထိပါဝင်သော စတုတ္ထ အပိုင်းသည် အခြားသော လူများနှင့် နှောင်းပိုင်းကာလ အာဗြဟံထိတွေ့ဆက်ဆံမှုများဆီသို့ လှည့်သွားသည်။ အဆိုပါ အခန်းကြီးများသည် အခြေခံအားဖြင့် အချင်းချင်း ပေါင်းစည်းညီညွတ်နေကြသည်။ အကြောင်းမှာ အခြားသော လူမျိုးအုပ်စုများနှင့် အာဗြဟံထိတွေ့ဆက်ဆံမှုများအပေါ် ၎င်းတို့က အာရုံစိုက်ထား၍ ဖြစ်သည်။ အဆိုပါ အခန်းကြီးများသည် အာဗြဟံအား သောဒုံ၊ ဂေါမောရတို့နှင့် ဆက်နွယ် ဖော်ပြထားကြသည်။ အဘိမလက်မင်းအတွက် ဆုတောင်းပဌနာပြုပေးသော အာဗြဟံကိုင်၎င်း၊ ဣဇာက် ဣရှမေလတို့နှင့်



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ဆက်နွယ်မှုထဲက အာဗြဟံကိုငင်း၊ အဘိမလက်နှင့် သစ္စာကတိထားသော အာဗြဟံကိုငင်း ကျွန်ုပ်တို့ တွေ့ရသည်။ အဆိုပါ အခန်းငယ် လေးခန်းတို့သည် လူမျိုးစုအကြီးအကဲက လောတ အပါအဝင် လောတမိသားစုနှင့် မည်သို့ အပြန်အလှန် ဆက်ဆံခဲ့သည်ကိုငင်း၊ သောဒုံလူတို့နှင့် ဂေါမောရလူတို့ အပြင် ဖိလိတ္တိ ဘုရင် အဘိမလက်အား မည်သို့ ထိတွေ့ဆက်သွယ်ခဲ့သည်ကိုငင်း ဆက်လက် ပုံဖော်ထားသည်။

ကျွန်ုပ်တို့ မျှော်လင့်ထားနိုင်ခဲ့သလိုပင် လူမျိုးစု အကြီးအကဲအကြောင်း ပဉ္စမ နှင့် နောက်ဆုံးကဏ္ဍ (၂၂း၁-၂၅း၁၈) သည် အာဗြဟံ ၏ ဘဝနောက်ဆုံးပိုင်း အထူးသဖြင့် သူ့ သားများ အကြောင်းနှင့် သူအနိစ္စရောက်ခြင်း အကြောင်းတို့ကို ဖြေရှင်းထားသည်။ ၎င်းသည် ဘုရားသခင်က အာဗြဟံကို စုံစမ်းတော်မူသည့် အကြောင်းကိုလည်း မှတ်တမ်းတင်ထားသည်။ အာဗြဟံ သင်္ချိုင်းနေရာ ဝယ်ယူသည့်အကြောင်းကိုလည်း မှတ်တမ်းတင်ထားသည်။ သူ့သား ဣဇာက်အတွက် အာဗြဟံက မည်သို့ ဇနီးလောင်း ရှာတွေ့ခဲ့သည်ကိုလည်း မှတ်တမ်းတင်ထားသည်။ အာဗြဟံ အနိစ္စရောက်သည့်အကြောင်းကိုလည်း ၎င်းက မှတ်တမ်းတင်ထားသည်။ အဆိုပါ အခန်းကြီးများသည် အာဗြဟံ၏ ဇနီးမယား ဆာရာနှင့် သူမ၏သား ဣဇာက် (အာဗြဟံ၏ အမွေခံ သား အစစ်အမှန်) တို့အပေါ် စူးစိုက်ထားပြီး သူတို့အား အာဗြဟံ၏ အခြားသော ဇနီးများနှင့် သူတို့၏ သားများ၏ အထက်တွင် ဂုဏ်တင်ထားသည်။

အာဗြဟံ ဘဝဇာတ်ကြောင်း အခန်းငယ်များသည် တစ်ခုနှင့်တစ်ခု အတော်ပင် အမှီအခိုကင်းစွာ လွတ်လပ်နေကြရကား အာဗြဟံအကြောင်းကို လူတို့ ကနဦးဖတ်ရှုကြသည့်အခါ ထိုသူများအဖို့ အဖြစ်အပျက်တစ်ခုမှ အခြားတစ်ခုသို့ အစီအစဉ်မရှိ ဦးတည်ရာမဲ့ ရောက်လျှား လှည့်လည်နေသည့် သဘောမျိုး ခံစားကြရသည်။ တင်ကူးစဉ်းစားခြင်း သို့မဟုတ် အစီအစဉ်ချမှု မရှိသလောက်ဖြင့် မောရှေက ဒီအဖြစ်အပျက်ရေးလိုက်၊ ဟိုအဖြစ်အပျက် ဖော်ပြလိုက် လုပ်နေဘိသကဲ့သို့ အာဗြဟံ ဇာတ်ကြောင်းတို့ကို သူတို့ ဖတ်မိကြသည်။ သို့သော် ဤသို့သောကနဦး ထင်မြင်ချက်ရှိနိုင်လင့်ကစား အာဗြဟံ ဘဝဇာတ်ကြောင်း အဖြစ်အပျက်များအား အစုအဖွဲ့များ သို့မဟုတ် အဓိက အာဘော်များကို မျှဝေထားသော အခန်းငယ် အုပ်စုများ အဖြစ်ဖြင့် ဧကန်အမှန်ပင် ဖွဲ့စည်းထားသည်။ ကျွန်ုပ်တို့၏ ရိုးရှင်းသော ငါးဆင့်ပါ အကျဉ်းချုပ်ဖော်ပြချက်က မောရှေသည် အာဗြဟံနှင့် ပတ်သက်၍ သူပြောဆိုတော့မည့် အရာတို့ကို ဧကန်အမှန်ပင် အစီအစဉ်ချခဲ့ကြောင်း ဖော်ပြနေသည်။ ယေဘူယျအားဖြင့် အာဗြဟံ ဘဝဇာတ်ကြောင်း မှတ်တမ်းသည် အချိုးအစားကျနသော ဇာတ်လမ်းတစ်ပုဒ်၏ ပုံသဏ္ဌာန်ကို ဆောင်နေသည်။ အစိတ်အပိုင်းတစ်ခုစီသည် ဇာတ်လမ်းထဲက အခြား တူညီသော အပိုင်းတစ်ခုစီနှင့် ဟန်ချက်ညီနေသည်။

၁၁း၁၀ မှ ၁၂း၉ အတွင်း အာဗြဟံ မိသားစု၏ နောက်ခံသမိုင်းနှင့် ဘုရားသခင်၌ သူ၏ ကနဦးတွေ့ကြုံခံစားမှုများ အပေါ် အာရုံစိုက်ထားကြောင်း ကျွန်ုပ်တို့တွေ့ရသည်။ အဆိုပါ ကနဦး ဂရုပြုချက်များ နှင့် ဟန်ချက်ညီသည့် ကွဲလွဲချက်များမှာ ၂၂း၁ မှ ၂၅း၁၈ အတွင်းရှိ အဆုံးသတ် အကြောင်းအရာများ ဖြစ်ကြပြီး အာဗြဟံ၏ နောက်ဆုံးနှစ်ကာလများနှင့် သူ့သားတို့အပေါ် အာရုံစိုက်ထားသည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ထို့ထက်မက အာဗြဟံ ဘဝဇာတ်ကြောင်း ဒုတိယ ကဏ္ဍတွင် အခြားသော လူမျိုးစုနှင့် တိုင်းနိုင်ငံများမှ လူများနှင့် အာဗြဟံတို့အကြား အပြန်အလှန် ဆက်သွယ်မှုအကြောင်းကို အခြေခံအားဖြင့် အသေးစိတ်ချပြသော အခန်းငယ်များ ပါဝင်သည်။ ထို့ပြင် စက်ဝိုင်းပုံစံ အချိုးညီစွာဖြင့် ဒုတိယ ကဏ္ဍ၌ ကိုင်တွယ်ခဲ့သော တူညီ အာဘော်များဆီသို့ ပြန်လာပြီးနောက် အာဗြဟံ ဘဝဇာတ်ကြောင်း၏ စတုတ္ထကဏ္ဍသည်လည်း အခြားသူများနှင့် အာဗြဟံတွေ့ဆုံမှု ဆိုင်ရာ ပိုမိုများပြားသော သာဓကများအပေါ် စူးစိုက်မှုဆီသို့ ပြန်ရောက်လာသည်။

နိဂုံးချုပ်အားဖြင့် အာဗြဟံ၏ ဘဝဇာတ်ကြောင်း အလယ်ပိုင်းတွင် မဏ္ဍိုင်ကျသော အခန်းကြီး ၃ ခန်း ရှိနေသည်။ ၎င်းတို့သည် ဘုရားသခင်နှင့် အာဗြဟံ ပြုသော ပဋိညာဉ်အပေါ် အထူးသဖြင့် စူးစိုက်ထားသည်။ အဆိုပါ အခန်းကြီးများသည် အာဗြဟံ ဘဝဇာတ်ကြောင်း၏ ဗဟို မဏ္ဍိုင်ကို ဖွဲ့စည်းပေးပြီး အာဗြဟံ အပါအဝင် သူ၏ သားမြေးများနှင့် ဘုရားသခင်တို့အကြား ပဋိညာဉ် ဆက်နွယ်မှု၏ အခြေခံကျသည့် မောင်းနှင်အားများအကြောင်း ရှင်းပြသည်။

အဆိုပါ အခန်းကြီးများ၏ ပုံသဏ္ဍာန်က မောရှေသည် သူ့အကြောင်းအရာတို့ကို ဂရုတစိုက် ထုဆစ်ခဲ့ကြောင်း ဖော်ပြနေသည်။ ဣသရေလ၏ ကနဦး လူမျိုးစု အကြီးအကဲ၏ အချို့သော ဘဝရှုထောင့်များအပေါ် အာရုံစူးစိုက်နိုင်ရေး အတွက် သူ၏ ရုပ်ပုံကို စာပေနည်းဟန်အားဖြင့် တည်ဆောက်ထားခဲ့မှုတွင် ကောင်းချီးမင်္ဂလာနှင့် သူ၏ မှန်ကန်သော အမွေခံတို့အား အာဗြဟံရွေးချယ်ခြင်း၊ အစောပိုင်းနှင့် နှောင်းပိုင်းကာလ အာဗြဟံ၏ ထိတွေ့ဆက်ဆံမှုများ၊ ဘုရားသခင်နှင့် အာဗြဟံတို့အကြား ပဋိညာဉ်နှင့် ယှဉ်သော ဆက်နွယ်မှုများ စသည်တို့ ပါဝင်သည်။ ကျွန်ုပ်တို့ တွေ့ကြရမည်ဖြစ်သည့်အတိုင်း ဤဇာတ်ကြောင်းများအား မောရှေ ကနဦးရေးပို့ခဲ့သော ဣသရေလတို့၏ လိုအပ်ချက်များကို ဖြေရှင်းရန် ဤစာပေစူးစိုက်မှုအား ဒီဇိုင်းချထားခဲ့သည်။ ဣသရေလတို့အား ကတိတော်နယ်မြေသို့ မောရှေ ခေါ်ဆောင်လာခဲ့သည့်အခါ အာဗြဟံ၏ ခြေလှမ်းများအတိုင်း ၎င်းတို့ မည်သို့ နောက်မှ လိုက်ကြရမည်ဆိုသည်ကို ဣသရေလတို့အား အာဗြဟံ ဘဝဇာတ်ကြောင်းက သွန်သင်ခဲ့သည်။ ကမ္ဘာဦးကျမ်း၏ ဤအပိုင်းကို ကျွန်ုပ်တို့ လေ့လာသည့်အခါ ဤကဲ့သို့သော ရည်ရွယ်ချက်ရှိရှိ ဒီဇိုင်းချထားမှု၏ အရေးပါပုံကို ကျွန်ုပ်တို့ မကြာခဏတွေ့ကြရမည် ဖြစ်သည်။

အာဗြဟံ ဘဝဇာတ်ကြောင်းကို ခြုံငုံ လွှမ်းခြုံထားသော စာပေ ရေးဟန် ဒီဇိုင်းကို တွေ့မြင်ပြီးသည့်နောက် ကမ္ဘာ ၁၁း၁၀-၂၅း၁၈ ၏ အဓိက အာဘော်များ ဖြစ်ကြသည့် အာဗြဟံ ဘဝဇာတ်ကြောင်း ဖွဲ့စည်းမှုနှင့် ပါဝင်အဖြစ်အပျက်တို့ အကြောင်းသင်ခန်းစာ၏ ဒုတိယ ခေါင်းစဉ်ဆီသို့ ကျွန်ုပ်တို့ လှည့်ကြမည်ဖြစ်သည်။ အဆိုပါ အခန်းကြီးများ၏ ပါဝင် အကြောင်းအရာတို့ကို ဖော်ပြရန် နည်းလမ်းများစွာ ရှိသော်လည်း ကျွန်ုပ်တို့ အကြံပြုထားသည့် အကျဉ်းချုပ် ဖော်ပြချက်သည် အဆိုပါ အခန်းကြီးများ၏ ထင်ရှားပေါ်လွင်နေသော အာဘော်တို့နှင့် ယေဘူယျအားဖြင့် သဘောညီညွတ်ကြောင်း ကျွန်ုပ်တို့ တွေ့ကြရပါမည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

# အဓိက အာဘော်များ

အာဗြဟံ ဇာတ်ကြောင်းကဲ့သို့သော ရှည်လျားပြီး ခက်ခဲရှုပ်ထွေးသည့် ကျမ်းစာ၏ မည်သည့် အပိုင်းမှာမဆို ၎င်းတို့၏ အဓိကအာဘော်များအား ဖော်ပြရန် ခက်သည်မှာ ပြောရန်ပင် မလိုအပ်ပါ။ အဆိုပါ အခန်းကြီးများအတွင်း ပေါ်နေသည့် အာဘော် သို့မဟုတ် ဆိုလိုရင်းတိုင်းကို ဖော်ပြရန်လည်း မဖြစ်နိုင်ပါ။ သို့သော် အခြားသော အာဘော်များထက် ပိုမို ထင်ရှားပေါ်လွင်နေသည့် အာဘော် အချို့ကို သီးခြားဖယ်ထုတ်ထားရန်မှာမူ ဖြစ်နိုင်ပါသည်။ ထို့ပြင် ကျွန်ုပ်တို့ တွေ့မြင်ကြရမှာ ဖြစ်သည့်အတိုင်း အဆိုပါ အခန်းကြီးများ၏ အဆိုပါ အာဘော်တို့သည် အာဗြဟံ ဘ၀ဇာတ်ကြောင်း၏ အဖြစ်အပျက်တို့ကို ပေါင်းစည်းညီညွတ်ပေးထားကြပြီး အာဗြဟံ ဘ၀ဇာတ်ကြောင်းမှ မောရှေ သူ့ကနဦး ဣသရေလ ပရိသတ်တို့ကို ထုတ်ယူဆင်ခြင်စေလိုသည့်အရာတို့အား ကျွန်ုပ်တို့ သိနားလည်စေရန် ထောက်ကူသည်။ ဤထက်ပို၍ ဆိုရလျှင် သမ္မာကျမ်းစာ၏ ဤအပိုင်းမှ ဘုရားသခင် ကျွန်ုပ်တို့ကို သင်ယူစေလိုသည့် အရာတို့ကိုလည်း အဆိုပါ အဓိက အာဘော်များထဲတွင် ကျွန်ုပ်တို့ တွေ့နိုင်ကြသည်။

အာဗြဟံ ဘ၀ ဇာတ်ကြောင်း၏ အဓိကအာဘော်များကို နည်းလမ်း နှစ်သွယ်ဖြင့် ကျွန်ုပ်တို့ လေ့လာကြပါမည်။ ပထမဦးစွာ အာဗြဟံ ဘ၀ဇာတ်ကြောင်း၏ အဓိကအာဘော် ၄ ခုကို မိတ်ဆက်ပေးသည့် အဓိက ကျမ်းချက်တစ်ခုကို ကျွန်ုပ်တို့ လေ့လာဖော်ထုတ်ကြပါမည်။ ထို့နောက် ဒုတိယအားဖြင့် အာဗြဟံ ဘ၀ဇာတ်ကြောင်း အခန်းကြီးများ တလျှောက် အဆိုပါ အာဘော်များအား ဖွင့်ပြထားသည့် ပုံစံများကို ကျွန်ုပ်တို့ လေ့လာဖော်ထုတ်ကြပါမည်။ ဦးစွာ အာဗြဟံ ဇာတ်ကြောင်း၏ အဓိက အာဘော်များကို မိတ်ဆက်ပေးသည့် အဓိက ကျမ်းချက် တစ်ခုကို ကြည့်ကြပါစို့။

## အဓိက ကျမ်းချက်

အာဗြဟံဘ၀ဇာတ်ကြောင်း အဖွင့်ပိုင်းရောက်ကာနီး၊ ကမ္ဘာ ၁၂း၃ ၌ ဘုရားသခင်သည် အာဗြဟံကို ခေါ်တော်မူခဲ့ကြောင်း ကျွန်ုပ်တို့ တွေ့ရသည်ကို သင် သေချာပေါက် ပြန်အမှတ်ရပါလိမ့်မည်။ မက်ဆိုပိုတေးမီးယားပြည်၊ ဥရမြို့၌ အာဗြဟံ နေထိုင်လျက် ရှိနေသေးစဉ်ကာလ ဘုရားသခင်သည် အာဗြဟံအား ကတိတော်နယ်မြေသို့ ထွက်သွားရန် တောင်းဆိုခဲ့သည်။ အဆိုပါ ကျမ်းချက်များသည် အာဗြဟံ ၏ ပိုကြီးမားသော ဘ၀ဇာတ်ကြောင်း အဖြစ်အပျက်ထဲမှာ တွေ့ရသည့် အရေးအပါဆုံး အာဘော် အချို့ကို မိတ်ဆက်ပေးကြောင်း အနက်ဖွင့်သူများက လွန်ခဲ့သည့် နှစ်များစွာမှသည် ယနေ့တိုင် အသိအမှတ်ပြုထားကြသည်။ အဆိုပါ ကျမ်းချက်များတွင် မောရှေဘာတွေ ရေးထားခဲ့သည်ကို နားထောင်ကြည့်ပါ–

> ထာဝရ ဘုရားသည်လည်း အာဗြဟံကို ခေါ်တော်မူ၍ "သင်၏ ပြည်နှင့်တကွ အမျိုးသားချင်းပေါက်ဖော်များထဲက ထွက်ပြီးလျှင် ငါပြလတံ့သော ပြည်သို့ သွားလော့။ ငါသည် သင့်ကို လူမျိုးကြီး ဖြစ်စေမည်။ ငါကောင်းချီးပေး၍ သင်၏



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

> နာမကို ကြီးမြတ်စေမည်။ သင်သည် ကောင်းချီးခံရသောသူ ဖြစ်လိမ့်မည်။ သင့်ကို ကောင်းချီးပေးသောသူကို ငါကောင်းချီးပေးမည်။ သင့်ကို ကျိန်ဆဲသောသူကို ငါကျိန်ဆဲမည်။ သင်အားဖြင့်လည်း လူမျိုးအပေါင်းတို့သည် ကောင်းချီးမင်္ဂလာကို ခံရကြလိမ့်မည်" (ကမ္ဘာ ၁၂း၁-၃)။

အဆိုပါ ကျမ်းချက်များသည် ထူးခြားလေးနက်မှုတို့ဖြင့် ပြည့်နေပြီး ကွဲပြားသော နည်းလမ်းများစွာနှင့် အကျဉ်းချုပ်နိုင်သည်။ သဒ္ဒါနည်းကျရှုထောင့်အရ ကြည့်လျှင် ၎င်းတို့သည် အခန်းငယ် ၁ ၏ ပထမ အပိုင်းတွင် နိဒါန်းချီမှု တစ်ခုဖြင့် အစပြုသည်။ ထို့နောက် ၎င်းတို့သည် အပိုင်း နှစ်ပိုင်း ခွဲခြားနိုင်သည့် အာဗြဟံသို့ ဘုရားသခင် မိန့်တော်မူချက်များနှင့် ရှေ့ဆက်သွားသည်။ အခန်းငယ် ၁ ၏ ဒုတိယထက်ဝက် မှ အခန်းငယ်၂ အများစု ထိပါသော အပိုင်း ၁ တွင် အမိန့်ပေး စေခိုင်းချက် တစ်ခု ပါရှိပြီး ၎င်းနောက်တွင် လွတ်လပ်သော နှုတ်ပြော ဖော်ပြချက် ၃ ခု လိုက်ပါသည်။ အာဗြဟံသို့ ဘုရားသခင် မိန့်တော်မူချက် အပိုင်း ၂ ကို အခန်းငယ် ၂ ၏ နောက်ဆုံး အပိုင်းနှင့် အခန်းငယ် ၃ တို့တွင် တွေ့နိုင်သည်။ ဤဒုတိယထက်ဝက်သည် ပထမ ထက်ဝက်နည်းတူ တူညီသော သဒ္ဒါ ပုံစံကို လိုက်နာသည်။ ၎င်းသည် အမိန့်ပေးစေခိုင်းချက် တစ်ခုဖြင့် အစပြုပြီး ၎င်းနောက်တွင် လွတ်လပ်သော နှုတ်ပြော ဖော်ပြချက် ၃ ခု လိုက်ပါသည်။ ကမ္ဘာ ၁၂း၁-၃၏ အဆိုပါ အပိုင်း ၃ ပိုင်းအား လေ့လာခြင်းဖြင့် ဤကျမ်းချက်၏ ထူးခြားလေးနက်မှုနှင့် စပ်လျဉ်းသော အရေးကြီးသည့် ထိုးထွင်းအမြင်အချို့ကို ကျွန်ုပ်တို့ ရရှိနိုင်သည်။

## နိဒါန်း

အခန်းငယ် ၁ တွင် အာဗြဟံသို့ ဘုရားသခင် မိန့်တော်မူသောစကားများအား မောရှေက ရိုးရိုးလေး မိတ်ဆက်ခဲ့ပုံကို ဦးစွာ ကြည့်ကြပါစို့။

> ထာဝရ ဘုရားက အာဗြံသို့ မိန့်တော်မူခဲ့သည် (ကမ္ဘာ ၁၂း၁)။

ဤစာကြောင်းရှိ ကြိယာအား "ဘုရားသခင် မိန့်တော်မူခဲ့သည်" အစား "ဘုရားသခင် မိန့်တော်မူခဲ့ပြီး ဖြစ်သည်" ဟူ၍ ပြန်ဆိုသင့်ကြောင်း ခေတ်သစ် ဘာသာပြန်ဆိုချက်များစွာက မှန်ကန်စွာ ရှုမြင် သုံးသပ်ကြသည်။ ဤသို့ ပြန်ဆိုချက်သည် အရေးကြီးပါသည်။ အကြောင်းမှာ တမန်တော် ၇း၂-၄ ပါ သတေဖန်၏ ပြောဆိုချက်အရ အာဗြဟံသည် ခါရန်၌ သူ့ဖခင် တေရ မသေမီ ဥရမြို့မှာ နေစဉ်ကတည်းက သူ့အား ခေါ်ယူခြင်းကို လက်ခံရရှိခဲ့သည်။ သို့သော် ကမ္ဘာဦးကျမ်း၏ စာပေ နည်းဟန် တင်ဆက်ပုံအရ ၁၁း၃၂ တွင် တေရ ကွယ်လွန်သည့်အကြောင်း ကျွန်ုပ်တို့ ပထမ သင်ယူရပြီး ထို့နောက်မှ ၁၂း၁ တွင် အာဗြဟံကို ဘုရားသခင် ခေါ်ယူကြောင်း ကျွန်ုပ်တို့ သင်ယူရသည်။ ဤအကြောင်းကြောင့်ပင် ကမ္ဘာ ၁၂း၁ သည် နောက်ကြောင်းပြန် ပြကွက်တစ်ခု၊ အချိန်သမိုင်း နောက်ပြန်ဆုတ်သွားမှု တစ်ခုကို ကိုယ်စားပြုပြီး "ထာဝရ ဘုရားသခင် မိန့်တော်မူပြီးသွားခဲ့ပြီ ဖြစ်သည်" ဟု ပြန်ဆိုသင့်ခြင်း ဖြစ်သည်။ ဤကျမ်းချက်က ကတိတော်နယ်မြေသို့ ရွှေ့ပြောင်းချိန် မတိုင်မီ ရှည်ကြာသည့် ကာလ၊ ဘုရားသခင်ကို



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

အလုပ်အကြွေး ပြုသည့်အနေဖြင့် မည်သည့်အရာကိုမျှ အာဗြဟံ အစပြုလုပ်ဆောင်ခဲ့ခြင်း မရှိမီ သာ၍ စောစီးသော အချိန်ကာလတစ်ခု ကို အမှတ်ရစေသည်။

## အပိုင်း တစ်

ဤနိဒါန်းပြီးသည့်နောက် အာဗြဟံသို့ ဘုရားသခင် မိန့်တော်မူသော စကားများ၏ ပထမ ထက်ဝက်ကို ကျွန်ုပ်တို့ တွေ့ရသည်။ ဤပထမ ထက်ဝက်သည် အမိန့်တစ်ခုကို ပြည့်စုံသော စေခိုင်း ကြိယာ တစ်ခုဖြင့် အစပြုသည်။ ကမ္ဘာဦး ၁၂း၁ တွင် ဤစကားလုံးများကို ကျွန်ုပ်တို့ ဖတ်ရသည်။

> "သင်၏ ပြည်နှင့်တကွ အမျိုးသားချင်းပေါက်ဖော်များထဲက ထွက်ပြီးလျှင် ငါပြလတံ့သော ပြည်သို့ သွားလော့" (၁၂း၁)။

ကျွန်ုပ်တို့ တွေ့နိုင်သလို ဤ ကဏ္ဍငယ်သည်လည်း စေခိုင်းချက် တစ်ခု ဖြစ်သည့် "ထွက်လော့" (သို့မဟုတ် NIV စကားပြေမှာကဲ့သို့ "ထွက်ပြီးလျှင် သွားလော့") ဖြင့် ဖွင့်သည်။ အာဗြဟံအား တစ်စုံတစ်ခု လုပ်ဆောင်ရန် ဘုရားသခင် အမိန့်ပေးခဲ့သည်။ ခါနန်ပြည်သို့ ထွက်သွားရန်ဖြစ်သည်။ ဤအရာသည် လူမျိုးစုအကြီးအကဲသို့ ဘုရားသခင်ပေးခဲ့သော ကနဦးလည်းဖြစ်၊ အခြေခံ ပဓာနလည်းကျသော အမိန့်ပင် ဖြစ်တော့သည်။

ခါနန်ပြည်သို့ ထွက်ရန် အမိန့်၏ နောက်တွင် အာဗြဟံသို့ ဘုရားသခင် မိန့်တော်မူသောစကားတို့၏ ပထမ အပိုင်းသည် အခန်းငယ် ၂ ၏ ပထမ အပိုင်းပါ လွတ်လပ်သော နှုတ်ပြော ဖော်ပြချက် သုံးခုတို့၏ ညွှန်ပြချက်အရ သုံးကဏ္ဍ ကွဲပြားသွားသည်။ ကမ္ဘာ ၁၂း၂ ကို နောက်တဖန် ကြည့်ပါဦး။

> ငါသည် သင့်ကို လူမျိုးကြီး ဖြစ်စေမည်။ ငါကောင်းချီးပေး၍ သင်၏ နာမကို ကြီးမြတ်စေမည် (၁၂း၂)။

အဆိုပါ စကားလုံးတို့သည် အာဗြဟံကို ဘုရားသခင် ခေါ်စဉ်က သူ့အား ကိုယ်တော် ခင်းပြခဲ့သည့် ကောင်းချီးမင်္ဂလာများအပေါ်တွင် စူးစိုက်ထားကြသည်။ ပထမဦးစွာ အာဗြဟံအား လူမျိုးကြီး ဖြစ်စေမည်ဟု ဘုရားသခင် မိန့်တော်မူခဲ့သည်။ ဒုတိယအားဖြင့် ကိုယ်တော်သည် အာဗြဟံအား အောင်မြင်ကြွယ်ဝမှုဖြင့် ကောင်းချီးပေးမည်ဟု ကမ်းလှမ်းခဲ့သည်။ တတိယအားဖြင့် ကိုယ်တော်သည် အာဗြဟံနှင့် သူ့သားမြေးတို့၏ နာမကို ကြီးမြတ်စေမည် သို့မဟုတ် ဂုဏ်သတင်းထင်ရှားစေမည်ဟု မိန့်မြွက်ခဲ့သည်။

## အပိုင်း နှစ်

ယခုတွင် အာဗြဟံအား ဘုရားသခင် မိန့်တော်မူသော စကားတို့၏ ဒုတိယ ထက်ဝက်ဆီသို့ ကျွန်ုပ်တို့ ရောက်ရှိလာခဲ့ပြီ ဖြစ်သည်။ ခေတ်သစ် ပြန်ဆိုချက် အများစုက ၎င်းအရာကို ကျွန်ုပ်တို့ မြင်အောင် မစွမ်းဆောင်ပေးနိုင်သော်ငြား အာဗြဟံသို့ ဘုရားသခင် မိန့်တော်မူသော



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

စကားတော်များအပိုင်း ၂ သည် ပထမ ထက်ဝက်၏ သဒ္ဒါ အရ ဖွဲ့စည်းပုံနှင့် တူညီနေသည်။ ၎င်းသည် စေခိုင်းချက် တစ်ခုနှင့် အစပြုပြီး ထို့နောက်တွင် လွတ်လပ်သော နှုတ်ပြော ဖော်ပြချက် သုံးခုလိုက်လာသည်။ ကမ္ဘာဦး ၁၂း၂-၃ တွင် ဤစကားလုံးများကို ကျွန်ုပ်တို့ ဖတ်ရသည်။

> သင်သည် ကောင်းချီးမင်္ဂလာ ခံရသောသူ ဖြစ်လိမ့်မည်။ သင့်ကို ကောင်းချီးပေးသောသူကို ငါကောင်းချီးပေးမည်။ သင့်ကို ကျိန်ဆဲသောသူကို ငါကျိန်ဆဲမည်။ သင်အားဖြင့်လည်း လူမျိုးအပေါင်းတို့သည် ကောင်းချီးမင်္ဂလာကို ခံရကြလိမ့်မည်" (ကမ္ဘာ ၁၂း၂-၃)။

ဤနေရာ၌ “သင်သည် ကောင်းချီးမင်္ဂလာ ခံရသောသူဖြစ်လိမ့်မည်” ဟု ပြန်ဆိုထားသော ဟေဗြဲ ကြိယာသည် စေခိုင်းချက် ပုံသဏ္ဌာန်ဆောင်ပြီး အခန်းငယ် ၁ ပါ "ထွက်လော့" ဟူသော အမိန့်ပေးချက် ပုံစံနှင့် ညီအောင် ဒီဇိုင်းချထားသည်မှာ ဖြစ်နိုင်ဖွယ် ရှိသည်။ သို့သော် ဤစေခိုင်းချက်သည် အမိန့်တစ်ခုကဲ့သို့ လုပ်ငန်း ဆောင်ရွက်ခြင်း မပြုပါ။ "သင်သည် ကောင်းချီးမင်္ဂလာကို ခံရလိမ့်မည်" သို့မဟုတ် "သင်သည် ကောင်းချီးမင်္ဂလာ ခံရသောသူ ဖြစ်ပါစေ" သို့မဟုတ် "သင်သည် သေချာပေါက် ကောင်းချီးမင်္ဂလာ ရသောသူ ဖြစ်လိမ့်မည်" စသည်ဖြင့် ပုံစံ အမျိုးမျိုး ပြန်ဆိုလိုက ပြန်ဆိုနိုင်သည်။ မည်သည့် ပြန်ဆိုချက်ပင် ဖြစ်စေ ဤစေခိုင်းချက်သည် တွေးခေါ်ယူဆရာ၌ အရေးကြီးသော အလှည့်အပြောင်းကို ညွှန်ပြသည်။ ၎င်းသည် ကောင်းချီးမင်္ဂလာကို လက်ခံရယူသော အာဗြဟံ (အခန်းငယ် ၂၏ ပထမ အပိုင်း၌ ကျွန်ုပ်တို့ တွေ့ခဲ့ပြီး ဖြစ်သည့်အတိုင်း) အဖြစ်မှသည် အခြားသူများသို့ ကောင်းချီးမင်္ဂလာ စီးဆင်းရာ သွယ်မြောင်း ဖြစ်လာသော အာဗြဟံ အဖြစ်သို့ အာရုံရွှေ့ပြောင်း သတိပြုစေသည်။

ဤဒုတိယမြောက် စေခိုင်းချက် ပုံစံ၏ နောက်တွင် လွတ်လပ်သော နှုတ်ပြော ဖော်ပြချက် သုံးခု လိုက်သည်။ အာဗြဟံ ကိုယ်တိုင် အခြားသူများကို ကောင်းချီးပေးသူဘ၀သို့ ရောက်လာစေမည့် ဖြစ်စဉ်ကို အဆိုပါ ကြိယာ သုံးခုတို့က ပြညွှန်ကြသည်။ ပထမအားဖြင့် ဘုရားသခင်က "သင့်ကို ကောင်းချီးပေးသောသူကို ငါကောင်းချီးပေးမည်။ ..." ဟု မိန့်တော်မူခဲ့သည်။ ဆိုလိုသည်မှာ အာဗြဟံကို အပြုသဘောဆက်ဆံသူများအား ဘုရားသခင်က ကောင်းသောအရာများကို ပေးလိမ့်မည် ဖြစ်သည်။ လူတို့က အာဗြဟံအပေါ် ကောင်းမွန်စွာ ဆက်ဆံပြုမူလျှင် ဘုရားသခင်ကလည်း ထိုသူတို့အပေါ် ကောင်းမွန်စွာ ဆက်ဆံပြုမူလိမ့်မည် ဖြစ်သည်။ ဒုတိယအားဖြင့် ဘုရားသခင်က သင့်ကို ကျိန်ဆဲသောသူအား ငါကျိန်ဆဲမည်ဟု ကတိထားခဲ့သည်။ ဆိုလိုသည်မှာ အာဗြဟံအား မထီမဲ့မြင်ပြုသူတို့ကို ဘုရားသခင်က ကျိန်ဆဲလိမ့်မည် ဖြစ်သည်။ အာဗြဟံ၏ ရန်သူဖြစ်အောင် မိမိကိုယ်မိမိ ပြုလုပ်သူတို့အား ကြမ်းတမ်းစွာ တုန့်ပြန်ခြင်းဖြင့် အာဗြဟံကို ကာကွယ်ပေးမည့်အကြောင်း ဘုရားသခင် ကတိထားတော်မူခဲ့သည်။ သို့သော် တတိယအားဖြင့် "လူမျိုးအပေါင်းတို့သည် သင်အားဖြင့် ကောင်းချီးမင်္ဂလာတို့ကို ခံစားရလိမ့်မည်" ဟု ဘုရားသခင် မိန့်တော်မူခဲ့သည်။ အပေါ် ရံ ကြည့်လျှင် ဤ တတိယမြောက် စူးစိုက်ခြင်းသည် အာဗြဟံ၏ ရန်သူများ ကျိန်ဆဲခြင်းခံရမည် ဆိုသည့် အာဘော်နှင့် ဆန့်ကျင်သယောင် ရှိသည်။ သို့သော် အာဗြဟံ၏ မိတ်ဆွေများကို ကောင်းချီးပေးပြီး ရန်သူများကိုမူကား ကျိန်ဆဲခြင်းဆိုသည့် နှစ်ထပ်ကွမ်း



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ဖြစ်စဉ်နည်းလမ်း အားဖြင့် ဘုရားသခင်သည် ကိုယ်တော်၏ ကောင်းချီးများအား အဆုံးသတ်တွင် မြေကြီးသား အပေါင်းတို့ထံ တိုးချဲ့ ရောက်ရှိစေမည်အကြောင်း အာဗြဟံသို့ ဘုရားသခင် ကတိထားတော်မူခဲ့သည်။ သို့ဖြစ်၍ ကမ္ဘာဦး အခန်းကြီး ၁၂ ၏ အဖွင့်နိဒါန်း သဒ္ဒါသည် အဓိက အပိုင်း သုံးပိုင်းအဖြစ် ကွဲပြားနေသည်။ ၎င်းတို့မှာ နိဒါန်းပိုင်း၊ အာဗြဟံသို့ ဘုရားသခင်ပေးလတ့်သော ကောင်းချီးမင်္ဂလာများ အပေါ် စူးစိုက်ခြင်းနှင့် အာဗြဟံအားဖြင့် မြေကြီးသားအပေါင်းတို့အား ဘုရားသခင် ပေးလတ့်သော ကောင်းချီးမင်္ဂလာအပေါ် စူးစိုက်ခြင်းတို့ ဖြစ်ကြသည်။

ကမ္ဘာဦး အခန်းကြီး ၁၂ ပါ အဆိုပါ ကျမ်းချက်များကို သိနားလည်ခြင်းသည် အရေးကြီးပါသည်။ အကြောင်းမှာ ကမ္ဘာဦး ကျမ်းထဲက အာဗြဟံ၏ ဇာတ်လမ်းများစွာသည် အာဗြဟံသို့ ဘုရားသခင် ပြုခဲ့သော အဆိုပါ ကတိတော်များ သူ့ဘဝအတွင်း မည်သို့ ပြည့်စုံခဲ့သည်ကို ရှုထောင့်များစွာမှ ပုံဖော်ပေးနေ၍ ဖြစ်သည်။ မောရှေသည် လူမျိုးစုအကြီးအကဲအကြောင်း ရေးသည့်အခါ ဘုရားသခင်က အာဗြဟံကို ကတိတော်နယ်မြေသို့ ခေါ် ခဲ့စဉ်က မိန့်တော်မူခဲ့သည့် စကားများအပေါ် အာရုံစိုက်စေသည့် နည်းများဖြင့် အာဗြဟံ၏ ဇာတ်လမ်းများကို ပုံစံသွင်းခဲ့သည်။

ဤသို့သော သဒ္ဒါ ဖွဲ့စည်းပုံကို စဉ်းစားရင်း ကမ္ဘာဦး ၁၂း၁-၃ မှနေ၍ အာဗြဟံ၏ အသက်တာလာ အဓိက အာဘော်များအား မည်သို့ ဖွင့်ပြထားကြောင်း တွေ့မြင်ရဖို့ ကျွန်ုပ်တို့ အသင့်ရှိနေကြပြီ ဖြစ်သည်။

# ဖွင့်ပြခြင်း

အဆိုပါ ကျမ်းချက်များထဲ၌ ပါနေသော အဓိက အာဘော်မှာ လေးခု ရှိကြောင်း ကျွန်ုပ်တို့ မှတ်သားပါမည်။ အာဗြဟံသို့ ဘုရားသခင်ပြုတော်မူသော ကျေးဇူးတော်နှင့် ကျွန်ုပ်တို့ အစပြုကြပါမည်။ ထို့နောက် ဘုရားသခင့်ထံ အာဗြဟံ သစ္စာရှိရန် လိုအပ်ချက်အကြောင်းနှင့် ဆက်သွားပြီး ထို့နောက်တွင် ဘုရားသခင်ထံမှ အာဗြဟံခံစားရမည့် ကောင်းချီးများအကြောင်း နှင့် အဆုံးသတ်တွင် အာဗြဟံအားဖြင့် ဘုရားသခင်ပြုတော်မူမည့် ကောင်းချီးများအကြောင်း ပါဝင်သည်။

## ဘုရားသခင် ပြုတော်မူသော ကျေးဇူးတော်

အာဗြဟံ၏ ဘဝတွင် ကြိမ်ဖန်များစွာတွေ့ရသော ပထမ ဆုံး အာဘော်မှာ ဘုရားသခင်နှင့် အာဗြဟံတို့၏ ဆက်နွယ်ရင်းနှီးမှုသည် ကိုယ်တော်၏ ကျေးဇူးတော်ပေါ်တွင် မူတည်သည်ဆိုသည့် အချက်ပင် ဖြစ်သည်။ ဘုရားသခင်ပြုတော်မူသော ကျေးဇူးတော်သည် ကမ္ဘာ ၁၂း၁၏ နိဒါန်းချီစကားလုံးများထဲတွင် သိမ်မွေ့စွာ ပေါ်လွင်နေသည်။ ကျွန်ုပ်တို့ တွေ့မြင်ခဲ့ပြီးသည့်အတိုင်း အဆိုပါ စကားလုံးများကို ဤနေရာတွင် ကျွန်ုပ်တို့ ဖတ်ရသည်။

> ထာဝရ ဘုရားက အာဗြံသို့ မိန့်တော်မူခဲ့သည် (ကမ္ဘာ ၁၂း၁)။

အဆိုပါ ရိုးရှင်းသော စကားလုံးများက ဘုရားသခင်နှင့် အာဗြဟံတို့အကြား ရင်းနှီးဆက်နွယ်မှု ဖြစ်ပေါ်လာခဲ့ကြောင်း၊ အကြောင်းမှာ အာဗြဟံသည် ဘုရားသခင်ကို အစေခံရန် မည်သည့်အမှုကိုမျှ



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

မပြုရသေးမီ ရှည်ကြာသည့်ကာလကတည်းကပင် ဘုရားသခင်သည် အာဖြဟံ၏ ဘဝထဲသို့ ဝင်လာခဲ့ပြီးသောကြောင့် ဖြစ်ကြောင်း မောရှေ၏ ကနဦး ပရိသတ်တို့ကို သတိပေးခဲ့သည်။

အာဖြဟံကို ဘုရားသခင်ခေါ်တော်မူခြင်းသည် သူ အရွယ်ရောက် ရင့်ကျက်ချိန်၌ စောစီးစွာ ရောက်လာခဲ့သည်။ သူခါနန်သို့ မထွက်ခွာပြီးသေးပါ။ ရန်သူတို့ကိုလည်း မအောင်မြင်ပြီးသေးပါ။ ပဋိညာဉ်ဆိုင်ရာ သစ္စာစောင့်သိမှုအတွက် ဆက်ကပ်အပ်နှံခြင်းလည်း မပြုပြီးသေးပါ။ သောဒုံနှင့် ဂေါမောရ တို့ရှိ ဖြောင့်မတ်သောသူတို့အတွက် ဆုတောင်းခြင်းကိုလည်း မပြုပြီးသေးပါ။ ယုံကြည်ခြင်းဆိုင်ရာ စုံစမ်းခြင်းကိုလည်း မကျော်ဖြတ်ပြီးသေးပါ။ ဆန့်ကျင်ဖက်အားဖြင့် ဘုရားသခင်သည် အာဖြဟံအား သူ၏ အထူးသီးသန့် အစေခံအဖြစ်မျှသာ ခေါ် ခဲ့သည်။ အကြောင်းမှာ အာဖြဟံအား ကျေးဇူးပြုရခြင်းကို ဘုရားသခင် နှစ်သက်တော်မူသောကြောင့် ဖြစ်သည်။

ယခုတွင် ဘုရားသခင်နှင့် လျှောက်လှမ်းသည့် အာဖြဟံ၏ ကနဦး အဆင့်မှာသာ ဘုရားသခင်က ကျေးဇူးတော်ကို ပြသခဲ့သည် မဟုတ်ပါ။ ဘုရားသခင့် ကျေးဇူးတော်သည် အာဖြဟံ၏ ဇာတ်ကြောင်းတလျှောက် ပေါ်ပေါက်နေသော အာဘော်တစ်ခု ဖြစ်သည်။ အကြောင်းမှာ ဘုရားသခင်သည်လည်း လူမျိုးစုအကြီးအကဲ၏ ဘဝအချိန်အခါတိုင်း၌ သနားခြင်း ကရုဏာတော်ကို ပြခဲ့သောကြောင့် ဖြစ်သည်။ အာဖြဟံသည်လည်း အပြစ်သားတစ်ဦး ဖြစ်သောကြောင့် အချိန်တိုင်းမှာ ဘုရားသခင်ထံမှ သနားခြင်းကရုဏာကို အာဖြဟံ လိုအပ်ခဲ့ပါသည်။ ဥပမာအားဖြင့် ကမ္ဘာ ၁၅း၆ လာ လူသိထင်ရှားသောကျမ်းပိုဒ်တွင် အာဖြဟံ၏ ကယ်တင်ခြင်းနှင့် ယှဉ်သော ဖြောင့်မတ်ခြင်းသည်ပင်လျှင် ကရုဏာဆုလက်ဆောင် တစ်ခုသာ ဖြစ်ခဲ့သည်။ ထိုနေရာတွင် ဤစကားလုံးများကို ကျွန်ုပ်တို့ ဖတ်ရပါသည်။

> အာဖြဟံ သည် ဘုရားသခင်ကို ယုံကြည်သည် ဖြစ်၍ သူ၏ ယုံကြည်ခြင်းကို ဖြောင့်မတ်ခြင်းကဲ့သို့ မှတ်တော်မူ၏ (ကမ္ဘာ ၁၅း၆)။

ရောမ ၄း၃ နှင့် ဂလာတိ ၃း၆ တို့တွင် ရှင်ပေါလု ပြည့်ပွန်ခဲ့သည့်အတိုင်း ဘုရားသခင်က အာဖြဟံအား ဖြောင့်မတ်ကြောင်း မှတ်ယူပေးသည့် အချက်က ကောင်းသော အကျင့်အတွက် ဆုလာဒ်တစ်ခု မဟုတ်ဘဲ သနားခြင်း ကရုဏာပြချက်တစ်ခု သာ ဖြစ်ကြောင်းပြည့်ပွန်ခဲ့သည်။ ထို့ပြင် ဤအရာနှင့်တကွ ဘုရားသခင့်ထံမှ အခြားသောအရာများစွာကို အာဖြဟံ လက်ခံရရှိခြင်းသည် ဘုရားသခင်၏ ကျေးဇူးတော်နှင့် ကရုဏာတော်သက်သက် အားဖြင့်သာ ဖြစ်ခဲ့သည်။

ကျွန်ုပ်တို့ ခရစ်ယာန် ရှိသမျှတို့သည်လည်း ကျွန်ုပ်တို့၏ ဘဝ၌ ဘုရားသခင့်ကျေးဇူးတော်၏ အရေးပါပုံကို သိမြင်ကြပါသည်။ ဘုရားသခင်နှင့် ကျွန်ုပ်တို့၏ ရင်းနှီးဆက်နွယ်မှုအား ကိုယ်တော်ကသာ သူ၏ ကျေးဇူးတော်အားဖြင့် အစပြုပေးကြောင်း၊ ကျွန်ုပ်တို့နှင့် ဘုရားသခင် ဆက်နွယ်မှုဘဝထဲမှာလည်း ကိုယ်တော်၏ ကျေးဇူးတော်အားဖြင့်သာလျှင် ကျွန်ုပ်တို့ကို ဘုရားသခင် စောင့်မတော်မူကြောင်း ကျွန်ုပ်တို့ သိမြင်ကြသည်။ ဘုရားသခင်၏ ကရုဏာတော် မပါရှိပါက ကျွန်ုပ်တို့ ဘယ်နေရာမှာ ရှိနေကြပါမည်နည်း။ ဟုတ်ပါသည်။ အာဖြဟံအတွက်လည်း ဤအချက်က မှန်ကန်ခဲ့ပါသည်။ ဤထက်ပို၍ဆိုရလျှင် ဘုရားသခင်၏ ကျေးဇူးတော်သည် မောရှေက အာဖြဟံ အကြောင်းကို ဦးတည်ရေးသားခဲ့သည့် ဣသရေလလူမျိုးများ၏ အသက်တာများတွင်လည်း မရှိမဖြစ် လိုအပ်ခဲ့သည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

သူတို့၏ခေတ်ကာလ အတွင်း သူတို့၏ ဘဝများတွင်လည်း နေ့ရက်အစဉ်အတိုင်း ဘုရားသခင်၏ ကရုဏာတော်ကို သူတို့ လိုအပ်ခဲ့ပါသည်။ ဤအကြောင်းကြောင့်ပင် အာဗြဟံ ဘဝဇာတ်ကြောင်း အဖြစ်အပျက်တို့ကို မောရှေ စီကုံးရေးသားသည့်အခါ ဘုရားသခင်၏ ကျေးဇူးတော်အပေါ် သူတို့အား ထပ်တလဲလဲ အာရုံစိုက်စေခဲ့ခြင်း ဖြစ်သည်။

## အာဗြဟံ၏ သစ္စာရှိမှု

ဘုရားသခင့်ကျေးဇူးတော် အာဘော်အပြင် ကမ္ဘာဦး ၁၂း၁-၃ သည် အာဗြဟံ၏ သစ္စာရှိမှုအပေါ် အလေးပေးနေကြောင်း ကျွန်ုပ်တို့ သတိပြုမိဖို့ လိုပါသည်။ ကိုယ်တော်၏ ကရုဏာကို အာဗြဟံ ခံစားစေရုံ မည်ကာမျှအတွက် အာဗြဟံကို ဘုရားသခင် ရွေးကောက်ခဲ့သည် မဟုတ်ပါ။ အာဗြဟံဘက်မှ သစ္စာရှိစွာနာခံတုန့်ပြန်မည့် အကြောင်း လူမျိုးစုအကြီးအကဲအပေါ် ကိုယ်တော် ကရုဏာပြခဲ့ရခြင်း ဖြစ်သည်။ ကျွန်ုပ်တို့ တွေ့ခဲ့ပြီးသည့်အတိုင်း ကမ္ဘာ ၁၂း၁ ပါ ပထမဆုံး အမိန့်ပေးစေခိုင်းချက်သည် ဘုရားသခင်အပေါ် တသီးတသန့် ပုံစံဖြင့် အာဗြဟံ သစ္စာစောင့်ရန် တာဝန်ရှိမှုအပေါ် အလေးပေးထားသည်။ ထိုနေရာတွင် သူ့အား ဘုရားသခင်က ပညတ်ထားခဲ့သည်။

> သင်၏ပြည်နှင့်တကွ အမျိုးသားချင်း ပေါက်ဖော်များထဲက ထွက်ပြီးလျှင် ငါပြလတံ့သော ပြည်သို့ သွားလော့ (ကမ္ဘာ ၁၂း၁)။

ဤ ဘုရားသခင် ခေါ်တော်မူချက်သည် အာဗြဟံထံမှ အလွန်ကြီးမားသော သစ္စာစောင့်သိမှုကို တောင်းဆိုထားကြောင်း သိမြင်ဖို့ ကြီးကြီးမားမား တွေးခေါ် စဉ်းစားနေရန် မလိုအပ်ပါ။ သူသည် သူ့မွေးရပ်မြေနှင့်တကွ သူ့ဖခင်ထံမှ ရရှိမည့် မြေယာများကို နောက်မှာချန်ထားခဲ့ပြီးနောက် သူ့အားပြလတံ့သောနေရာသို့ ထွက်ခွာရန်သာ ရှိခဲ့သည်။ ဟုတ်ပါသည်။ ဘုရားသခင်သည် အာဗြဟံကို သနားကရုဏာ ပြတော်မူခဲ့ပြီး ဖြစ်ပါသည်။ သို့သော် ဘုရားသခင်အပေါ် နက်ရှိုင်းစွာ တည်နေသော သစ္စာနှင့်ယှဉ်သည့် အလုပ်အကြွေးပြုခြင်းကို အာဗြဟံ ပြသဖို့လည်း ဘုရားသခင် မျှော်လင့်ချက် ထားခဲ့ပါသည်။

အကြောင်းမလှစွာပင် ခရစ်ယာန် အများက အာဗြဟံအား ဘုရားသခင်ကို ကိုးစားခြင်းနှင့် ယုံကြည်ခြင်းတို့အတွက် ပုံသက်သေတစ်ခု အနေဖြင့်သာ ရှုမြင်တတ်ကြသည်။ ဤအရာသည် အာဗြဟံ၏ ဘဝဇာတ်ကြောင်း၌ အရေးပါသော အာဘော်တစ်ခု ဖြစ်ပါသည်။ ဓမ္မသစ် ကျမ်းပိုဒ် အတော်များများတွင်လည်း မီးမောင်းထိုးပြထားပါသည်။ သို့ရာတွင် ဘုရားသခင်သည် ကိုယ်တော်အား နာခံဖို့ သစ္စာရှိစွာ အလုပ်အကြွေးပြုဖို့ အာဗြဟံကို ပညတ်ထားခဲ့သည် ဆိုသည့်အချက်ကို ကျွန်ုပ်တို့ မည်သည့်အခါမျှ ဥပေက္ခာ မပြုသင့်ပါ။ ကြိမ်ဖန်များစွာပင် ဘုရားသခင်သည် လူမျိုးစု အကြီးအကဲထံမှ သစ္စာရှိမှုကို တောင်းဆိုထားခဲ့သည်။ မည်သည့် အခြေအနေမှာမဆို သူသည် ဘုရားသခင်အား သစ္စာရှိရန် ဖြစ်ခဲ့သည်။

ဘုရားသခင်အပေါ် အာဗြဟံ၏ သစ္စာရှိမှုကို ပြသရန် တောင်းဆိုသည့် စိတ်လှုပ်ရှားဖွယ် အကောင်းဆုံး အချိန်အခါနှင့် ပတ်သက်သည့် ဥပမာကို ကမ္ဘာ ၂၂ တွင် တွေ့သည်မှာ ဖြစ်နိုင်ပါသည်။ သူ့သားကို သူချစ်သည်ထက် ဘုရားသခင်ကို သူပို၍ချစ်ကြောင်း သက်သေထူရေးအတွက် သူ့သား



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ဣဇာက်ကို ယာဇ်အဖြစ် ပူဇော်ဖို့ ဘုရားသခင် အမိန့်ရှိသည့် အချိန်ပင် ဖြစ်ပါသည်။ ဘုရားသခင်၌ ထိုထက်ပိုမို မြင့်မားသည့် တောင်းဆိုမှုမျိုး မရှိနိုင်တော့ပါ။

အာဗြဟံသည် ဤအမှုအရာ အပါအဝင် အခြားပုံစံများစွာတို့ဖြင့် သစ္စာစောင့်သိမှုကို ပြသဖို့ တောင်းဆိုခံခဲ့ရသော်လည်း ကမ္ဘာ ၁၂း၁ သည် အာဗြဟံ၏ အရေးအပါဆုံး တာဝန်ယူမှု၊ တာဝန်ခံမှုများစွာထဲက တစ်ခုအကြောင်း ရှင်းရှင်းပြဆိုထားသည်။ ဤနေရာတွင် ဘုရားသခင် မိန့်တော်မူသည်မှာ

ငါသည်သင့်အား ပြလတံ့သော ပြည်သို့ သွားလော့ (ကမ္ဘာ ၁၂း၁)။

ဤကျမ်းချက်က ထင်ရှားပြနေသည့်အတိုင်း ဘုရားသခင် ပြလတံ့သော ပြည်သို့ထွက်ခွာရန် အာဗြဟံ တောင်းဆိုခံခဲ့ရသည်။ အာဗြဟံသည် ကတိတော်နယ်မြေတွင် နေထိုင်ရန်ရှိခဲ့သည်။ ဤအာဘော်ကိုလည်း လူမျိုးစု အကြီးအကဲ၏ ဘဝအဖြစ်အပျက်များ၌ မကြာခဏတွေ့ရှိရသည်။ ကတိတော်နယ်မြေသို့ လူမျိုးစု အကြီးအကဲ ထွက်ရခြင်းသည် ဘုရားသခင်၏ ပိုမိုကြီးမားသော အကြံအစည်အတွက် အရေးကြီးသကဲ့သို့ အာဗြဟံကိုယ်တိုင်အတွက်ရော သစ္စာရှိသည့် သူ့သားမြေးများအတွက်ပါ အရေးကြီးလှသည်။ သို့ဖြစ်၍ သူကိုယ်တိုင် ကတိတော်နယ်မြေသို့ ဦးဆောင်ခေါ်သွင်းနေသော ဣသရေလများအတွက် အဆိုပါ အာဗြဟံ ဇာတ်ကြောင်းတို့ကို မောရှေ ရေးခဲ့ကြောင်း ကျွန်ုပ်တို့ ပြန်ဆင်ခြင်ပါက ဤအလေးပေးမှုကို တွေ့ရခြင်းသည် လုံးလုံး အံ့သြစရာ မဟုတ်ပါ။

ကယ်တင်ခြင်းသည် ဘုရားသခင့်ကျေးဇူးတော်အားဖြင့် အခမဲ့ပေးသော ဆုလက်ဆောင်ဖြစ်သော်ငြား သူ၏ မိန့်မှာချက်များကို နာခံဖို့ ကျွန်ုပ်တို့ အကောင်းဆုံး လုပ်ဆောင်ခြင်းဖြင့် ကျွန်ုပ်တို့၏ ကျေးဇူးသိတတ်မှုကို ဘုရားသခင်ထံပြသရန် ကျွန်ုပ်တို့အား ကိုယ်တော် အလိုရှိကြောင်း ကျွန်ုပ်တို့ ခရစ်တော်၏ နောက်လိုက်များ သိနားလည်ထားကြပါသည်။ ဤစည်းမျဉ်းကို မောရှေကလည်း သိနားလည်ထားခဲ့ပါသည်။ အာဗြဟံအပေါ် ပြုတော်မူသော ဘုရားသခင့် ကျေးဇူးတော်သည် အာဗြဟံအား ဘုရားသခင်ထံ သစ္စာစောင့်သိရိုသေမှုဆီ ပို့ဆောင်ခဲ့ကြောင်း သူသိထားခဲ့သည်။ ဤအကြောင်းကြောင့်ပင် အာဗြဟံဘဝဇာတ်ကြောင်းကို ကျွန်ုပ်တို့ လေ့လာသည်နှင့် အမျှ သစ္စာစောင့်သိရန် လိုအပ်ချက် အကြိမ်ကြိမ် ပါဝင်နေသည်ကို ကျွန်ုပ်တို့ တွေ့မြင်ကြရမည် ဖြစ်ပါသည်။ မောရှေသည် သူ၏ ကနဦး ဣသရေလ ပရိသတ်အကြောင်း တစ်စုံတစ်ရာကို သိထားခဲ့သည်။ သူတို့သည် ဘုရားသခင့်ရှေ့တွင် သစ္စာရှိစွာ အသက်ရှင်မှု၏ အရေးကြီးပုံကို မေ့လျော့တတ်ကြသည်။ သူတို့အား အဲဂုတ္တုမှ ခေါ်ထုတ်ပြီး တောကန္တာရထဲတွင် စောင့်မခဲ့စဉ်က ဘုရားသခင်သည် သူတို့အား သနားခြင်းကရုဏာများစွာ ပြခဲ့သော်လည်း ဘုရားသခင့် ပညတ်တော်များမှ သူတို့ သွေဖည်ခဲ့ကြသည်။ ဤအကြောင်းကြောင့်ပင် အာဗြဟံ၏ ဘဝဇာတ်ကြောင်းများထဲက အဓိက အာဘော်တစ်ခုသည် ဘုရားသခင့်အပေါ် အာဗြဟံ၏ သစ္စာစောင့်သိမှု ဖြစ်ခဲ့ရသည်။ ဤအာဘော် မကြာခဏပါနေရသည့် အကြောင်းမှာ သစ္စာရှိစွာ နာခံခြင်း၌ ဘုရားသခင်ကို အလုပ်အကျွေးပြုရေးအတွက် မောရှေ၏ ကနဦး ပရိသတ်သာမက ယနေ့ခေတ် ကျွန်ုပ်တို့သည်လည်း စိတ်လှုံ့ဆော်မှုရရှိရန် လိုအပ်သောကြောင့် ဖြစ်သည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

## အာဗြဟံသို့ ပေးတော်မူသော ကောင်းချီးမင်္ဂလာများ

ယခုအထိ ကျွန်ုပ်တို့ တွေ့မြင်ပြီးသည့်အတိုင်း ဘုရားသခင်သည် အာဗြဟံသို့ ကျေးဇူးတော်များစွာကို ပြခဲ့ပြီး သူ့ထံမှ သစ္စာရှိသော အလေးထား ဆက်ကပ်မှုကိုလည်း တောင်းဆိုခဲ့သည်။ ကမ္ဘာ ၁၂း၁-၃ အတွင်း ကျွန်ုပ်တို့ မှတ်သားထားကြရမည့် တတိယမြောက် အာဘော်မှာ အာဗြဟံသို့ ပေးကမ်းတော်မူသော ကောင်းချီးမင်္ဂလာများပင် ဖြစ်သည်။ ကမ္ဘာ ၁၂း၂ တွင် ဘုရားသခင်က လူမျိုးစု အကြီးအကဲသို့ ဤအရာအား မိန့်တော်မူခဲ့ကြောင်း သင်ပြန်သတိရပါလိမ့်မည်။

> ငါသည် သင့်ကို လူမျိုးကြီး ဖြစ်စေမည်။ ငါကောင်းချီးပေး၍ သင့်နာမကို ကြီးမြတ်စေမည် (ကမ္ဘာ ၁၂း၂)။

ဘုရားသခင်သည် လူမျိုးစု အကြီးအကဲအား ကောင်းချီးမင်္ဂလာ သုံးမျိုးချပေးခဲ့ပါသည်။ ပထမအားဖြင့် အာဗြဟံသည် ကြီးကျယ်သော နိုင်ငံတစ်နိုင်ငံ ဖြစ်လာလိမ့်မည်ဟု ဘုရားသခင် မိန့်တော်မူခဲ့သည်။ သူ၏ သားသမီးတို့သည် မရေအတွက်နိုင်အောင် များပြား ကြီးပွားကြလိမ့်မည် ဖြစ်သည်။ ထို့ပြင် သူ၏ သားမြေးတို့သည် အမှန်ပင် အင်ပါယာတစ်ခု၊ ကြီးကျယ်ခမ်းနားသော နိုင်ငံ တစ်နိုင်ငံ ဖြစ်လာလိမ့်မည် ဖြစ်သည်။ ထိုစဉ်က အာဗြဟံ အပါအဝင် သူနှင့် အတူ ရှိနေခဲ့သူတို့သည် အရေအတွက်အားဖြင့် အတော်ပင် နည်းပါးခဲ့သည်။ အာဗြဟံ၌ သူ၏ သွေးသားရင်းချာ သားသမီးဟူ၍လည်း မရှိခဲ့ပါ။ သို့ရာတွင် အာဗြဟံ၏ သားမြေးတို့သည် တနေ့သောအခါ ကောင်းကင်ကြယ်များထက် ပိုမိုများပြားလိမ့်မည်ဟု အာဗြဟံကို ဘုရားသခင် ကတိပေးတော်မူခဲ့သည်။

ဒုတိယ အနေဖြင့် ဘုရားသခင်က အာဗြဟံအား သူ့ကို ကိုယ်တော် ကောင်းချီးပေးမည်ဟု ပြောခဲ့သည်။ ဖြစ်နိုင်ဖွယ်အားလုံးကို ကြည့်လျှင် ဤဖော်ပြချက်က အာဗြဟံနှင့် သူ့သားမြေးတို့သည် အလွန်ကြီးမားသော ကြွယ်ဝချမ်းသာမှု ကောင်းချီးမင်္ဂလာကို ရရှိကြမည်ဆိုသည့် အဓိပ္ပာယ်ဆောင်သည်။ အာဗြဟံနှင့် သူ့သားမြေးတို့သည် ကြီးမားလှသည့် ကြွယ်ဝချမ်းသာမှု၌ နေထိုင်သက်ရှင်ကြရလိမ့်မည် ဖြစ်သည်။ မြေကြီးပေါ်မှာ လှည့်လည်နေထိုင်သူဘဝသို့ ရောက်ဖို့ မရှိတော့သလို တနေရာမှ တနေရာသို့ ရွှေ့ပြောင်း အခြေချသူ ဘဝသို့လည်း ရောက်ရန်လည်း မရှိတော့ပါ။ အာဗြဟံနှင့် သူ့သားမြေးများက သစ္စာစောင့်သိကြောင်း သက်သေထူခဲ့ကြသည်နှင့် အမျှ ကြီးကျယ်သည့် ကြွယ်ဝချမ်းသာခြင်းကိုလည်း ခံစားရမည် ဖြစ်သည်။

တတိယအနေဖြင့် ဘုရားသခင် ကမ်းလှမ်းနေသော ကောင်းချီးမင်္ဂလာများထဲတွင် အာဗြဟံအပေါ် ကြီးမြတ်သည့် အမည် ဂုဏ်သတင်း ကျော်ဇောမှုကို အပ်နှင်းပေးခြင်းလည်း ပါဝင်သည်။ တနည်းဆိုရလျှင် ကတိတော်နယ်မြေသို့ အာဗြဟံသွား၍ ဘုရားသခင်ကို သစ္စာရှိစွာ အလုပ်အကြွေး ပြုမည် ဆိုလျှင် သူ့သားမြေးတို့၏ ထုထည်ကြီးမားလှသည့် လူအင်အားနှင့် ကြွယ်ဝချမ်းသာမှုတို့က သူနှင့်တကွ သူ့လူတို့ကို ကမ္ဘာတလွှား ဂုဏ်တင်ပေးပေလိမ့်မည်။ လူမျိုးစု အကြီးအကဲနှင့် သူ၏ သစ္စာရှိသော သားမြေးတို့ထံ ကြီးကျယ်သော ဘုန်းအသရေ ရောက်ရှိလာပေလိမ့်မည်။

အမှန်အားဖြင့် အာဗြဟံ၏ ဘဝဇာတ်ကြောင်း အဖြစ်အပျက်များ တလျှောက် အဆိုပါ ကောင်းချီးမင်္ဂလာအမျိုးအမည်များကို အာဗြဟံ အပေါ် သွန်းလောင်းခဲ့ကြောင်း မောရှေက ထပ်ကာ



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ထပ်ကာ ညွှန်ပြခဲ့သည်။ အာဗြဟံ၌ သားများစွာ ရှိခဲ့သည်။ ဘဝ အတွေ့အကြုံ တစ်ခုမှ နောက်တစ်ခုသို့ သွားလာရင်း ချမ်းသာကြွယ်ဝမှုကို သူရရှိခဲ့သည်။ ဘာသာရေး နယ်ပယ်၌ ထင်ရှားကြီးကျယ်သော ပုဂ္ဂိုလ် တစ်ဦး ဖြစ်လာခဲ့သည်။ အဆိုပါ ဇာတ်ကြောင်းများကို ကြားနာခဲ့သော ဣသရေလများသည်လည်း အနာဂတ်၌ အလားတူ ကောင်းချီးမင်္ဂလာများကို ခံစားနိုင်မည်အကြောင်း အာဗြဟံ၏ ကောင်းချီးမင်္ဂလာတို့က ကြီးမားသော မျှော်လင့်ခြင်းကို ယူဆောင်လာပေးခဲ့သည်။ လူမျိုးစု အကြီးအကဲသို့ ပေးကမ်းသော သားမြေး၊ ကြွယ်ဝချမ်းသာမှုနှင့် ကျော်ဇောခြင်း ဂုဏ်အသရေဆိုင်ရာ ဆုလက်ဆောင်တို့သည် အာဗြဟံ၏ သစ္စာရှိသော သားမြေးတို့ကို ဘုရားသခင် ပေးကမ်းလတ့ံသော ပိုမိုကြီးမြတ်သည့် ဆုလက်ဆောင်တို့၏ အရိပ်နိမိတ်များသာ ဖြစ်ကြသည်။

ကျွန်ုပ်တို့ ခရစ်ယာန်များအနေဖြင့် အရာရာကို ခေါင်းစဉ်ပင် တပ်မရ နိုင်လာသည့်တိုင်အောင် ဘုရားသခင့်ထံတော်မှ မြောက်များလှစွာသော ကောင်းချီးမင်္ဂလာများစွာကို လက်ခံရရှိခဲ့ပြီး ဖြစ်ကြသည်။ ဟုတ်ပါသည်။ ကတိတော်နယ်မြေဆီသို့ ဦးတည်၍ မောရှေ နောက်သို့ လိုက်ခဲ့ကြသော ဣသရေလတို့သည်လည်း မရေမတွက်နိုင်သော ကောင်းချီးများစွာကို ဘုရားသခင့် အထံတော်မှ ရရှိခဲ့စားခဲ့ကြပြီး ဖြစ်သည်။ ကျွန်ဘဝမှ သူတို့ လွတ်မြောက်ခဲ့ကြပြီး ဖြစ်သည်။ လူဦးရေ အားဖြင့် သူတို့ ကြီးပွားများပြားလာခဲ့ပြီး ဖြစ်သည်။ သူတို့ သွားလာခဲ့သည့် ခရီးတလျှောက် ကွယ်ကာခြင်း၊ စောင့်မခြင်းတို့ကို သူတို့ ခံယူခဲ့ရပြီး ဖြစ်သည်။ အနာဂတ် တွင် ဝင်စားရမည့် ကြီးမြတ်သည့် ကောင်းချီးနယ်မြေတည်း ဟူသော ကတိတော်နယ်မြေသို့ သွားရာ လမ်းပေါ်မှာ သူတို့ ရှိနေခဲ့သည်။ သို့သော်လည်း ဣသရေလတို့သည် ကျွန်ုပ်တို့ကဲ့သို့ပင် သူတို့အတွက် ဘုရားသခင် လုပ်ဆောင်ပေးပြီးခဲ့သမျှတို့ကိုငင်း၊ သူတို့အတွက် ကြိုတင်ပြင်ဆင်ထားနှင့်သမျှတို့ကိုငင်း၊ မေ့လွယ်ပျောက်လွယ် ဖြစ်ခဲ့ကြသည်။ ထို့ကြောင့်ပင် ကနဦး ဣသရေလပရိသတ်တို့၏ နှလုံးသားများ၌ ကျေးဇူးသိစိတ်ဖြင့် ပြည့်စုံလာရေးအတွက် သူတို့အသက်တာ၌ ဘုရားသခင်ပေးကမ်းတော်မူပြီးခဲ့သမျှ ကောင်းချီးမင်္ဂလာများအကြောင်း သူတို့အား ပြန်သတိပေးရန်အလို့ငှာ အာဗြဟံသို့ ဘုရားသခင်ပေးတော်မူသော ကောင်းချီး မင်္ဂလာများအကြောင်း မောရှေ ရေးခဲ့ခြင်း ဖြစ်သည်။

## အာဗြဟံအားဖြင့် စီးဆင်းသော ကောင်းချီးမင်္ဂလာများ

ဘုရားသခင်၏ ကရုဏာ၊ အာဗြဟံ၏ သစ္စာစောင့်သိမှုနှင့် အာဗြဟံသို့ ဘုရားသခင် ပေးကမ်းတော်မူသော ကောင်းချီးမင်္ဂလာတို့အပြင် အဆိုပါ ကောင်းချီးမင်္ဂလာတို့သည် အခြားလူမျိုးများထံသို့ အာဗြဟံအားဖြင့် ရောက်ရှိမည် ဆိုသည့် အချက်ဆီသို့လည်း ကမ္ဘာ ၁၂း၁-၃ က အာရုံရောက်စေသည်။ ကမ္ဘာ ၁၂း၂-၃ ၌ ဘုရားသခင် ဘာပြောထားခဲ့သနည်း ဆိုသည်ကို နားထောင်ကြည့်ပါ။

> သင်သည် ကောင်းချီးမင်္ဂလာ ခံရသောသူ ဖြစ်လိမ့်မည်။ သင့်ကို ကောင်းချီးပေးသောသူကို ငါကောင်းချီးပေးမည်။ သင့်ကို ကျိန်ဆဲသောသူကို ငါကျိန်ဆဲမည်။ သင်အားဖြင့်လည်း လူမျိုးအပေါင်းတို့သည် ကောင်းချီးမင်္ဂလာကို ခံရကြလိမ့်မည်" (ကမ္ဘာ ၁၂း၂-၃)။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

အဆိုပါ စကားလုံးများက အာဖြဟံကိုယ်တိုင် ကောင်းချီးမင်္ဂလာကို ခံယူရလိမ့်မည်သာမက မြေကြီးပေါ်က လူမျိုးအပေါင်းသည်လည်း သူ့အားဖြင့် ကောင်းချီးခံစားကြရလိမ့်မည် ဖြစ်ကြောင်း ရှင်းပြခဲ့သည်။ ဘုရားသခင်သည် အာဖြဟံအား သူ့ဘဝနှင့်တကွ သူ့သားမြေးများ၏ ဘဝတို့ကို ကြွယ်ဝပြည့်စုံစေရုံမျှ သက်သက်အတွက် ကတိတော်နယ်မြေသို့ ခေါ်ယူခဲ့ခြင်း မဟုတ်ပါ။ အာဖြဟံကို ဘုရားသခင်ခေါ်ယူခြင်းသည် မြေကြီးပေါ် ရှိ လူမျိုးအပေါင်းတို့ထံ ဘုရားသခင့် ကျေးဇူးတော်စီးဆင်းရာ သွယ်မြောင်းအဖြစ် ခေါ် ခဲ့ခြင်း ဖြစ်သည်။ ယခုတွင် အာဖြဟံ၏ ကမ္ဘာလုံးဆိုင်ရာကောင်းချီးသည် နည်းနှစ်သွယ်ဖြင့် ပေါ်ပေါက်လာမည့်အကြောင်းကို ဤကျမ်းချက်က သွန်သင်နေကြောင်း အမှတ်ရရန် အရေးကြီးသည်။ ကမ္ဘာ ၁၂း၃ တွင် ဘုရားသခင် မိန့်တော်မူခဲ့သည်မှာ

> "သင့်ကို ကောင်းချီးပေးသောသူကို ငါကောင်းချီးပေးမည်။ သင့်ကို ကျိန်ဆဲသောသူကို ငါကျိန်ဆဲမည်"

ဤကျမ်းချက် အရ အာဖြဟံသည် လူသားတို့အကြား နှစ်ဖက်သွားဓား တစ်ချောင်းအဖြစ် အလုပ်အကြွေး ပြုရလိမ့်မည် ဖြစ်သည်။ ဘုရားသခင်က အာဖြဟံကို အလေးထားသောကြောင့် အခြား လူမျိုးများက အာဖြဟံကို ကောင်းချီးပေးခဲ့သည့်အချိန်တွင်၊ ဆိုလိုသည်မှာ ထိုသူတို့က သူ့အား ရိုသေခြင်းဖြင့် ထိုသူတို့သည် သူကိုးကွယ်သော ဘုရားကို ရိုသေခဲ့ချိန်တွင် ဘုရားသခင်သည်လည်း သူတို့ကို ကောင်းချီးပေးခဲ့လိမ့်မည် ဖြစ်သည်။ သို့သော် အခြားလူမျိုးများက အာဖြဟံကို တိုက်ခိုက်ခြင်း သို့မဟုတ် ကျိန်ဆဲခြင်းပြုချိန်တွင် အာဖြဟံ၏ ဘုရားကို မရိုမသေပြုခြင်း ဖြစ်သောကြောင့် ဘုရားသခင်သည်လည်း သူတို့အား အပြစ်ပေးလိမ့်မည် ဖြစ်သည်။ အခြားသော လူမျိုးတို့၏ ဘဝရှေ့ရေးသည် အာဖြဟံကို သူတို့မည်သို့ ဆက်ဆံခဲ့သနည်း ဆိုသည့်အပေါ် တည်မှီခဲ့သည်။

သူ့ဘဝသက်တမ်း အတွင်း အာဖြဟံသည် ဖိလိတ္တိ၊ ခါနနိ၊ အဲဂုတ္တု၊ မောဘနှင့် အမ္မုန် လူတို့၏ အဘဖြစ်သော သူ့တူ လောတ တို့ကဲ့သို့သော အခြားလူမျိုးတို့ကို ကိုယ်စားပြုသည့် လူများစွာနှင့် ထိတွေ့ ဆက်ဆံခဲ့သည်။ အဆိုပါ အပြန်အလှန် ဆက်ဆံမှုတို့သည် လေးနက်အရေးပါလှသည်။ အကြောင်းမှာ အာဖြဟံကို မည်သို့ ဆက်ဆံခဲ့သည် ဆိုသည့် အပေါ် မူတည်၍ အခြားလူများအား ကောင်းချီးပေးရန် သို့မဟုတ် ကျိန်ဆဲရန်အတွက် ဘုရားသခင်က မိမိစကားကို တည်စေခဲ့ရာ တိကျသောနည်းလမ်းများကို ၎င်းတို့က ပြသခဲ့သောကြောင့် ဖြစ်သည်။ သူ အသက်ရှင်နေဆဲ အချိန်မှာပင် အာဖြဟံကိုယ်တိုင် လောကီသားများအဖို့ ကောင်းချီးမင်္ဂလာ ဖြစ်လာခြင်းအမှုအရာ အစပြုခဲ့ပြီးဖြစ်ကြောင်း ၎င်းတို့ကလည်း ညွှန်ပြခဲ့ကြသည်။

ဤ အရေးကြီးသွန်သင်ချက်သည် ဘုရားသခင့်လူများအဖို့ မကြာခဏ မေ့ပျောက်လွယ်တတ်ပါသည်။ မောရှေကာလက ဣသရေလများသည်လည်း ယနေ့ အသက်ရှင်နေသော ခရစ်ယာန်များစွာကဲ့သို့ ဖြစ်ခဲ့ပါသည်။ ဘုရားသခင် ပေးသနားတော်မူသော ကယ်တင်ခြင်း ကောင်းချီးမင်္ဂလာနှင့် ဘုရားပေးသော အသက်ကို ကျွန်ုပ်တို့ ခံစားပျော်မွေ့ကြသည်။ သို့သော် ကျွန်ုပ်တို့ တစ်ဦးချင်းဆီသို့ အဘယ်ကြောင့် အဆိုပါ ကောင်းချီးမင်္ဂလာများအား ပေးခဲ့သည် ဆိုသည်ကိုမူ ကျွန်ုပ်တို့ မေ့လျော့ထားကြသည်။ မောရှေ၏ ခေါင်းဆောင်မှုအောက်ရှိ ဣသရေလတို့ကို ဘုရားသခင်ပေးတော်မူသော ကောင်းချီးမင်္ဂလာ တစ်ခုချင်းစီတိုင်းနှင့် ယနေ့ အသင်းတော်သို့



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ပေးကမ်းနေသော ကောင်းချီး မင်္ဂလာ တစ်ခုချင်းစီတိုင်းကို ပို၍ ကြီးမားသော ရည်ရွယ်ချက်အတွက် ဒီဇိုင်းချထားပါသည်။ ကျွန်ုပ်တို့သည် ဘုရားသခင့် ကောင်းချီးများကို ကမ္ဘာမြေတလွှား ဖြန့်ကျက်ကြမည့်အကြောင်း ကျွန်ုပ်တို့ကို ကောင်းချီးပေးထားခြင်း ဖြစ်ပါသည်။ အာဗြဟံသည် မြေကြီးပေါ်မှ လူမျိုးအပေါင်းကို ဘုရားသခင့် ကောင်းချီးမင်္ဂလာများအတွင်းသို့ ဦးဆောင်ခေါ်သွင်းမည့် အကြောင်း ဘုရားသခင်သည် အာဗြဟံအား အထံတော်သို့ ခေါ် ခဲ့ခြင်း ဖြစ်သည်။ ဣသရေလတို့သည် မြေကြီးပေါ်မှ လူမျိုးအပေါင်းကို ဘုရားသခင့်ကောင်းချီး မင်္ဂလာများအတွင်းသို့ ဦးဆောင်ခေါ်သွင်းမည့် အကြောင်း ဘုရားသခင်သည် သူတို့အား အထံတော်သို့ ခေါ် ခဲ့ခြင်း ဖြစ်သည်။ အလားတူ ကျွန်ုပ်တို့သည်လည်း မြေကြီးပေါ်က လူမျိုးအပေါင်းတို့ကို ဘုရားသခင်၏ ကောင်းချီးမင်္ဂလာများ အတွင်းသို့ ဦးဆောင် ခေါ်သွင်းမည့်အကြောင်း ဘုရားသခင်သည် အသင်းတော်ကို အထံတော်သို့ ခေါ် ခဲ့ပြီးဖြစ်ပါသည်။ အာဗြဟံ၏ အဖြစ်အပျက်များအကြောင်းကို ကနဦး လက်ခံရရှိသည့် ဣသရေလများအတွက် ဤအာဘော်သည် အလွန်ပင် အရေးပါလှပါသည်။ ယနေ့ကာလ ခရစ်တော် နောက်သို့ လိုက်ကြကုန်သော ကျွန်ုပ်တို့အတွက်လည်း ၎င်းသည် အရေးကြီးပါသည်။

# နိဂုံး

ဤသင်ခန်းစာထဲတွင် အာဗြဟံ၏ ဘဝဇာတ်ကြောင်း အပေါ် ခြုံငုံသုံးသပ်ချက်အား ကျွန်ုပ်တို့ ပထမ လေ့လာမှု ပြုခဲ့ပြီး ဖြစ်သည်။ ထို့ပြင် ကမ္ဘာဦးကျမ်းပါ ဤကဏ္ဍ၏ ဖွဲ့စည်းမှု၊ စာပေရေးဟန် ဒီဇိုင်းတို့အပေါ် ကျွန်ုပ်တို့ အာရုံကို စူးစိုက်ခဲ့ကြပြီး ဖြစ်သည်။ ထို့ပြင် ဤစာပေဖွဲ့စည်းမှု အဆက်အစပ် အတွင်းရှိ အာဗြဟံ၏ ဘဝဇာတ်ကြောင်းအတွင်း မောရှေ တင်ဆက်ခဲ့သည့် အဓိက အာဘော်များ သို့မဟုတ် ပါဝင်အကြောင်းအရာကိုလည်း ကျွန်ုပ်တို့ ရှာဖွေဆန်းစစ်ခဲ့ကြပြီး ဖြစ်သည်။

ဤသင်ခန်းစာများအတွင်း ကျွန်ုပ်တို့ ရှေ့ခရီး ဆက်သည်နှင့်အမျှ ဤသင်ခန်းစာရှိ ခေါင်းစဉ်များသို့ မကြာခဏ ကျွန်ုပ်တို့ ပြန်ရောက်လာကြပါမည်။ အာဗြဟံ၏ ဘဝဇာတ်ကြောင်း အဖြစ်အပျက်၌ အဆင့်ငါးဆင့်ပါ အချိုးညီမှု ရှိကြောင်း ကျွန်ုပ်တို့ တွေ့မြင်ပြီး ဖြစ်သည်။ အာဗြဟံ၏ ဘဝဇာတ်ကြောင်း၌ ပဓာနကျသော အခြေခံ အာဘော် လေးခု ရှိကြောင်းကိုလည်း ကျွန်ုပ်တို့ တွေ့မြင်ပြီး ဖြစ်သည်။ ၎င်းတို့မှာ အာဗြဟံသို့ ဘုရားသခင် ကောင်းကျိုးပြုတော်မူခြင်း၊ အာဗြဟံ၏ သစ္စာစောင့်သိရိုသေခြင်း၊ အာဗြဟံသို့ ဘုရားသခင်ပေးကမ်းတော်မူသော ကောင်းချီးမင်္ဂလာများ၊ အာဗြဟံအားဖြင့် ဘုရားသခင် ပေးကမ်းတော်မူသော ကောင်းချီးမင်္ဂလာများ စသည်တို့ ဖြစ်ကြသည်။ ဣသရေလတို့ထံ ကနဦး လိပ်မူရေးသားခဲ့ချိန် ရှေးရှေးကာလက အာဗြဟံ၏ ဘဝဇာတ်ကြောင်းသည် မည်သည်ကို ဆိုလိုခဲ့သည်နှင့် စပ်လျဉ်းသော ထိုးထွင်းအမြင်များကို ကျွန်ုပ်တို့အား အဆိုပါ အာဘော်တို့ ပေးနေရုံသာမက ယနေ့ခေတ် ကျွန်ုပ်တို့ အသက်တာများ၌ သမ္မာကျမ်းစာ၏ ဤကဏ္ဍကို လက်တွေ့အသုံးချနိုင်ခွင့်ကိုပါ ကျွန်ုပ်တို့အတွက် ပြင်ဆင်ပေးပါသည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။